ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့ (19-8-2011) (၆၈၅၆)

မေတ္တာမုန်

* မေတ္တာသည် ပါရမီဆယ်ပါးဝင် အထက်တန်းတရားမျိုးဖြစ်သည်။
* မေတ္တာမုန်အနက်မှာ အပြစ်ကင်းစင်ပြီး ငြိမ်းချမ်းရေး၊ အေးချမ်းရေး၊ ညီညွတ်ရေး၊ ချစ်ခင်ကြည်ဖြူရေး သဘောကို ခြွင်းချက်မရှိ ဆောင်၏။
* မေတ္တာမုန်သည် ကျောသားရင်သား မခွဲခြားဘဲ ကြည်ဖြူချစ်ခင်ခြင်း အနှစ်သာရရှိ၏။
* မေတ္တာမုန်သည် ချမ်းမြေ့ကြည်နူးမှု ထုံမွှေး၍ မွှေးပျံ့စိုပြည်၏။

လက်နက်ကိုင် ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပထမအဆင့် ပဏာမလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်သွယ်နိုင်

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ကြေညာချက်အမှတ်(၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
ကြေညာချက်အမှတ် ၁/၂၀၁၁
၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင် လိုအပ်သည်ဟု ယုံကြည်ပါသည်။

၂။ လက်နက်ကိုင် ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမ ဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၃။ ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့်အဖွဲ့အစည်းဖွဲ့စည်းပြီး သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် ဆွေးနွေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အမိန့်အရ
(တင်မျိုးကြည်)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပုဂ္ဂလိကလက်ခစားလုပ်ငန်း(စီအမ်ပီ)စနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းမှ ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းအစား ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၅၆/၂၀၁၁
နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၈/၂၀၁၁)မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၅-၆-၂၀၀၆ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၃/၂၀၀၆၏ အပိုဒ် ၄တွင် ထုတ်ပြန်ပြဋ္ဌာန်းချက်အရ ပုဂ္ဂလိကလက်ခစားလုပ်ငန်း(စီအမ်ပီ) စနစ်ဖြင့်ဆောင်ရွက်သောလုပ်ငန်းမှ နိုင်ငံခြားငွေရရှိမှုအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့်ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းအစား ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့ထိ (၆)လ အကျိုးသက်ရောက်စေရမည်။

(လှထွန်း)
ပြည်ထောင်စုဝန်ကြီး

ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသားများ နိုင်ငံခြားငွေပေးဆောင်သည့် ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းအစား ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁၅၇/၂၀၁၁
နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၈/၂၀၁၁)မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၅-၆-၂၀၀၆ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၄/၂၀၀၆၏ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၃ တို့တွင် ထုတ်ပြန်ပြဋ္ဌာန်းချက်များအရ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာခေါင်းစဉ်မှ ဝင်ငွေစုစုပေါင်းအပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းအစား ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်နေ့ထိ (၆)လ အကျိုးသက်ရောက်စေရမည်။

(လှထွန်း)
ပြည်ထောင်စုဝန်ကြီး

ယနေ့ ကြေးမုံ သတင်းအညွှန်း

ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်(၄၂/၂) အနီး၌ ယာဉ်သုံးစီးတိုက်

(သတင်း)စာမျက်နှာ-၈

ဖလိုက်မေဝယ်သာ ကြိုးဝိုင်းအတွင်း ပြန်ဝင်လာပြီ

(သတင်း)စာမျက်နှာ-၁၀

ဟစ်ပ်ဟော့ပ်ဘုရင်အဖြစ် အမ်မီနမ် ရွေးချယ်ခံရ

(သတင်း)စာမျက်နှာ-၇

ကြေးမုံ The Mirror

၁၉-၈-၂၀၁၁
(သောကြာနေ့)

ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်ထူထောင်

ယနေ့အချိန်အခါသည် နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်သစ် ပြန်လည်တည်ဆောက်နေချိန်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်က ပြုပြင်ပြောင်းလဲဖြည့်ဆည်း တည်ဆောက်လျက်ရှိသည်။ စိန်ခေါ်မှုအမျိုးမျိုးနှင့် တွေ့ကြုံရစေကာမူ ရေခံမြေခံကောင်း၊ အခွင့်အလမ်းကောင်းများကို ရယူဆုပ်ကိုင်ရင်း ကြံ့ကြံ့ခံကျော်လွှားနိုင်ရေး ကြိုးပမ်းကြရပေမည်။

နိုင်ငံတော်အစိုးရအနေဖြင့် သက်တမ်းကာလ လေးလကျော်အတွင်း ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေမည့်လုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကျေးလက်နေ တောင်သူလယ်သမားများနှင့် မြို့ပေါ်ရပ်ကွက်အပါအဝင် လက်လုပ်လက်စားများအတွက် ထိုက်သင့်သည့်အကျိုးကျေးဇူးများ ရရှိနိုင်ရေး အကောင်အထည်ဖော်နေပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဩဂုတ် ၁၇ ရက်တွင် နေပြည်တော်၌ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်း၊ အဖွဲ့အစည်းအသီးသီးမှတာဝန်ရှိသူများနှင့်တွေ့ဆုံရာ၌ **"ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အဓိကထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ သဘောထားအမြင်ချင်းမတူကြတဲ့ လူပုဂ္ဂိုလ် အဖွဲ့အစည်းတွေကိုလည်း မတူကွဲပြားတာတွေကို ဘေးဖယ်ထားပြီး တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ ကျွန်တော်တို့ အမြဲဖိတ်ခေါ်ပါတယ်"** ဟူ၍ ပြောကြားသည်။

မြန်မာနိုင်ငံသည် အသီးတစ်ရာ အညှာတစ်ခု ပြည်ထောင်စုငယ်များ ပေါင်းစုထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ရေ မြေ ရာသီဥတု သဘာဝသယံဇာတ ပေါများကြွယ်ဝသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။ မိမိတို့နိုင်ငံ ပျက်စီးဆုံးရှုံးမသွားအောင် နှစ်ကာလရှည်ကြာ ဖြစ်တည်ထွန်းကားလာခဲ့သည့် တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းစောင့်ရှောက် ကာကွယ်ကြရန် တာဝန်ရှိသည်။ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးသာယာအောင် ကြိုးပမ်းစွမ်းဆောင်သွားကြရပေမည်။ သားစဉ်မြေးဆက်အတွက် ကောင်းသောအမွေခံပတ်ဝန်းကျင်ကို တည်ဆောက်သွားကြရမည်ဖြစ်သည်။

နိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် ဆူပူသောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းခဲ့သည့် အချိန်ကာလများ ရှိခဲ့သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရမည့် တန်ဖိုးရှိသောအချိန်ကာလများစွာ ဆုံးရှုံးခဲ့ကြရပြီဖြစ်သည်။ ယနေ့အချိန်အခါသည် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြစ်ရှာ အပြစ်ပြောနေရမည့်အချိန်အခါ မဟုတ်တော့ပြီ။

ခေတ်သစ် စနစ်သစ် နိုင်ငံသစ်ကို တည်ဆောက်နေချိန်တွင် ဖြူစင်ရိုးသား စိတ်ထားကောင်းသူတိုင်း ကိုယ့်နိုင်ငံကို ချစ်ကြသည်။ တိုင်းရင်းသားပြည်သူအားလုံးတို့က တစ်မြေတည်းနေ တစ်ရေတည်းသောက် ဆွေမျိုးမိတ်ရင်း သွေးသားချင်းများပီပီ ညီညွတ်ခြင်းအသိတရား၊ စည်းလုံးခြင်းခွန်အား အပြည့်အဝဖြင့် ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်အဖွဲ့အစည်းကြီး ထူထောင်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ပေးအပ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မြတ်မာခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးလှဒေါင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၆၂ ခုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ရင်ထံ ပေးအပ်စဉ်။

(၃၇၄)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြား

နေပြည်တော် ဩဂုတ် ၁၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဩဂုတ် ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၁)ဖြင့် ထုတ်ပြန်ကြေညာသည့် ပြည်ပပို့ကုန်အမျိုးအစား(၇)မျိုး ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် မွန်ပြည်နယ် ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌက အသင်းအဖွဲ့များဖွဲ့စည်းထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန ပြည်နယ်တာဝန်ခံက ကုန်စည်ဒိုင်နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဌေးအောင် ပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့တို့အား ချက်ပြုတ်ကျွေးမွေးမည့်နေရာများ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဩဂုတ် ၁၈

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များနှင့် ဒိုင်အဖွဲ့များအား ချက်ပြုတ်ဧည့်ခံကျွေးမွေးမည့် နေရာများဖြစ်သော အမှတ်(၇) တည်းခိုရေးစခန်းနှင့် နေပြည်တော် ပျဉ်းမနား (ရေဆင်း) စိုက်ပျိုးရေးတက္ကသိုလ်ရှိ အဆောင်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တည်းခိုချက်ပြုတ် ဧည့်ခံကျွေးမွေးမည့်နေရာ၊ အဆောင်များအလိုက် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်အောင် ဆောင်ရွက်ရန်၊ စနစ်တကျခင်းကျင်းပြင်ဆင်ရန်၊ လိုအပ်မည့်မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ပန်းကန်ခွက်ယောက်များ စုဆောင်းရရှိရေးကို လုပ်ငန်းစဉ်အလိုက် အချိန်ဇယားရေးဆွဲပြီး သတ်မှတ်ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန် စသည်ဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြား တပ်ကုန်း၌ ပေးအပ်

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်ကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် လည်းကောင်း၊ အိမ်ထောင်စုစာရင်းနှင့် ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၅ ကတ်ကို ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအုန်းနွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်သည်။**(အပေါ်ပုံ)** 　(၅၆၄)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၉၅၀	၀. ၀၃၃၄၅
တရုတ် (ယွမ်)	၆. ၃၈၈၉၅	၀. ၁၅၆၅၂
အိန္ဒိယ (ရူပီး)	၄၅. ၆၇၂၀	၀. ၀၂၁၉၀
မလေးရှား (ရင်းဂစ်)	၂. ၉၈၂၅၀	၀. ၃၃၅၂၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၂၆	၀. ၈၂၄၂၃
ဂျပန် (ယန်း)	၇၆. ၆၀၂၀	၀. ၀၁၃၀၅
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၁၄	၀. ၀၀၀၉၃
ယူရို	၀. ၆၉၅၉၈	၁. ၄၃၆၈၂
ဗြိတိသျှ (ပေါင်)	၀. ၆၀၅၆၉	၁. ၆၅၀၉၂

အင်တာနက်။

ဇလွန်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၀)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ဩဂုတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်) ဖုန်း-၅၁၀၃၆၇၊ ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိမ်း ဖုန်း-၅၈၄၁၉၁၊ ဦးကျော်စိုးဝင်း ဖုန်း-၂၉၆၉၄၃၊ အတွင်းရေးမှူးများ ဖြစ်ကြသော ဦးအေးကျော် ဖုန်း-၇၃၀၀၃၄၆၄၊ ၀၉-၅၁၅၈၂၄၃၊ ဦးလှမြင့်ဦး ဖုန်း-၇၂၄၅၅၄၊ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၃၃၁၆ နှင့် ဘဏ္ဍာရေးမှူး ဦးကံထွန်း ဖုန်း-၇၃၀၁၂၄၅၇ တို့သို့ လည်းကောင်း၊ နီးစပ်ရာအမှုဆောင်များထံသို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စောင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	စိန်ခြယ်ခြူးသန်း	(ပတ်ပျိုး)
(ခ)	ရွှေတညာ	(ယိုးဒယား)
(ဂ)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)
(ဃ)	မြိုင်ခြေစုံသာ	(ပတ်ပျိုး)
(င)	ထောင်ရောင်နေကသာ	(သီချင်းခံ)
(စ)	ပန်းမြိုင်လယ်	(ယိုးဒယား)
(ဆ)	သောင်းကျေးဒီပါဝွေ	(မွန်)
(ဇ)	ဘုန်းများများမင်း	(ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	သူရကန်	(ပတ်ပျိုး)
(ခ)	မန်းတောင်လက်ယာ	(ယိုးဒယား)
(ဂ)	ဥကင်ဘုံမြင့်	(ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ဆယ်ဆယ်ရောင်	(ဒိန်းသံ)
(ခ)	ဘုန်းမိုးသွန်းလောင်း	(သီချင်းခံ)
(ဂ)	ဝေဇယန်နှင့်နှုန်းငြား	(ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	တောဟေဝန်လယ်	(ယိုးဒယား)
(ခ)	ရန်တကာအောင်	(ဘွဲ့)
(ဂ)	ပုံနှုန်းဝတီသာ	(ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	မြသို့ငယ်စိမ်းနု	(ဘွဲ့)
(ခ)	မှိုင်းရိပ်ကယ်တည့်	(ကြိုး)
(ဂ)	ရွှေပဇ္ဇုန်	(ယိုးဒယား)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	စိမ်းလဲ့လဲ့ညိုပြာ	(ကြိုး)
(ခ)	ထံတျာတေရှင်	(ကြိုး)
(ဂ)	သီဒါ သီဒါ မြသား	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

ခေတ်မီစက်ကိရိယာများဖြင့် ကောက်ပဲသီးနှံများ ပြုပြင်အကောင်အထည်ဖော် ကျေးရွာတစ်ရွာချင်းမှ တစ်မြို့နယ်လုံး ပျံ့နှံ့အောင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

တောင်သူများ တွက်ခြေကိုက်မည့် မျိုးများပြောင်းလဲ အသုံးပြုနိုင်ရေးအတွက် မျိုးစေ့များ ထုတ်လုပ်ပေးခြင်းအပါအဝင် သိပ္ပံနည်းကျစိုက်နည်းစနစ်များ လေ့ကျင့်ပညာပေးခြင်း၊ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် စက်များ အရစ်ကျစနစ်ဖြင့် တောင်သူများ လက်ဝယ်အရောက် ရောင်းချပေးနေခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်း၊ ခေတ်မီစက်ကိရိယာများဖြင့် ကောက်ပဲသီးနှံများ ပြုပြင်အကောင်အထည်ဖော်နေခြင်းကို ကျေးရွာတစ်ရွာချင်းမှသည် ဒက္ခိဏသီရိမြို့နယ် တစ်မြို့နယ်လုံး ပျံ့နှံ့အောင် တက်ကြွနိုးကြားစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူပညာပေး သိပ္ပံနည်းကျ ဧက ၄၀ စိုက်ခင်း၌ ကျင်းပသည့် အထူးအထွက်တိုး မိုးစပါး ၅၃ ဧက စိုက်ပျိုးကြမည့် ဒက္ခိဏသီရိမြို့နယ် ကျေးရွာများမှ တောင်သူဦးကြီးများအား ထောက်ပံ့ကြေးငွေ ၅၃ သိန်း ပေးအပ်ခြင်းနှင့် သွင်းအားစု ဓာတ်မြေဩဇာ ၅၃ အိတ် ထောက်ပံ့ခြင်း အခမ်းအနား၌ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဆင်းရွှေလီလယ်ယာ အထူးပြု စိုက်ပျိုးရေးကုမ္ပဏီဒါရိုက်တာ ဦးစိုးဝင်းနှင့် ဒါရိုက်တာ ဦးသန့်စင်လှိုင်တို့က လယ်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၅၃ သိန်းကိုလည်းကောင်း၊ မြန်မာ့ဩဘာ လုပ်ငန်းစုဥက္ကဋ္ဌ ဦးသတိုးဟိန်းက လယ်တစ်ဧကလျှင် ကွန်ပေါင်းဓာတ်မြေဩဇာတစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၅၃ အိတ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော အထူးအထွက်တိုး စပါးစိုက်ခင်းများကို ကြည့်ရှုလေ့လာပြီး ခေတ်မီစက်ယန္တရားကြီးငါးစီးဖြင့် စက်မှုလယ်ယာစနစ် မြေယာပြုပြင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အထူးအထွက်တိုး မိုးစပါး စိုက်ပျိုးကြမည့် ဒက္ခိဏသီရိမြို့နယ် ကျေးရွာများမှ တောင်သူဦးကြီးများအား ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနှင့် သွင်းအားစု ဓာတ်မြေဩဇာ ထောက်ပံ့ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

စည်ပင်သာယာဈေးများ သန့်ရှင်းရေးနှင့် အလေး တင်းတောင်း အချိန်အတွယ် မှန်ကန်ရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် မှာကြား

နေပြည်တော် ဩဂုတ် ၁၈

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ဦးဆောင်မှုနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခွန်အခများ စနစ်တကျကောက်ခံရေး၊ ပွင့်လင်းရာသီ၌ မြို့ပြနှင့်ကျေးလက်လမ်းများ ထပ်ပိုးလွှာခင်းရေး၊ ကတ္တရာလမ်းများ မိုးကာလဖြစ်၍ လမ်းပေါက်ဖာရေး၊ လမ်းဘေး ဝဲ၊ ယာမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်စွန့်ပစ်ရေး စနစ်ကောင်းမွန်ရေး၊ စည်ပင်သာယာဈေးများ သန့်ရှင်းရေးနှင့် အလေး တင်းတောင်း အချိန်အတွယ်မှန်ကန်ရေးတို့ကို မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့နယ် တိုးချဲ့ရွှေပြည်သာမြို့ကွက်သစ်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား မြို့ကွက်သစ် မြို့ပြမြေနေရာချထားမှုများ၊ မြို့မြေကွက်၌ လမ်းများဖောက်လုပ်မှု၊ လျှပ်စစ်မီးတိုင်များ စိုက်ထူမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု၊ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ မှာကြားကာ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း မြစ်ကြီးနားမြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာ၌ ပညာရည်ချွန်ဆုနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း ပညာ့တံခွန်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျောင်း အကျိုးတော်ဆောင်များနှင့် အလှူရှင်များက ကညင်ကျိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ထိုးဝါးစိုက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ဟသ်ာဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ငါးဖယ်အင်း၊ လက်ခံ၊ ရွှေသောင်၊ ပြည်တော်သာကျွန်းကြီး၊ လှေတန်းကျွန်းကြီး၊ ကရင်ကျွန်းကြီး၊ ကြည်စု၊ ရွာဟောင်း၊ ဝဲမျှူး၊ ကညင်ကျိုးရွာသစ်နှင့် ထိုးဝါးစိုက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့မှ ဆုရကျောင်းသား၊ ကျောင်းသူ ၂၈၁ ဦးတို့အား ပညာရည်ချွန်ဆုများ ပေးအပ်ကြသည်။

ထို့နောက် အလှူရှင် ရဲမှူးချုပ်တင်စိုး-ဒေါ်သန်းသန်းဆင့် မိသားစုက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်နာယက အလှူရှင် ဦးကျော်မြင့်-ဒေါ်လှလှဝေ မိသားစုက ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုဆုများနှင့် ဆရာ၊ ဆရာမများအတွက် ဝတ်စုံများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံခဲ့သည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် ဩဂုတ် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က)	ဒေါက်တာဇော်မင်းအောင်	ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ခ)	ဒေါက်တာမီမီသက်သွင်	ပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့် ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (မကွေးအသင်းနှင့် နေပြည်တော်အသင်း)
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၀၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅:၁၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၅။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ (၁၅-၂၀)နှစ်] (အမျိုးသား၊ အမျိုးသမီး)
- ၅:၃၀ ၆။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၂၀)**
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
  - ၁၂။ နိုင်ငံတကာသတင်းများ
  - ၁၃။ မိုးလေဝသအခြေအနေ
  - ၁၄။ လျှပ်တစ်ပြက်ဟာသများ
  - ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၂၄) (ဇာတ်သိမ်း)**
  - ၁၆။ သီချင်းချစ်သူ (အောင်လ)
  - ၁၇။ အစီအစဉ်ပြီး၏။

ဧရာဝတီ၊ သံလွင်၊ ငဝန်နှင့် ဒုဌဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၈

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၇၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ ၁ ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၈၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (၀ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၆ စင်တီမီတာ (၀ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၇၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၀ စင်တီမီတာ (၁ ဒသမ ၃ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဌဝတီမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပဥ္စမမြောက်မျိုးဆက် တိုက်လေယာဉ် တည်ဆောက်မှုတွင် ရုရှားက တရုတ်ကို ကူညီခဲ့ကြောင်း သတင်းပေါ်ထွက်

မော်စကို ဩဂုတ် ၁၈

တရုတ်နိုင်ငံ၏ ဂျေ-၂၀ အမျိုးအစား ရေဒါရှောင်ကွင်းနိုင်သည့် တိုက်လေယာဉ် တည်ဆောက်မှုပုံစံသည် ရုရှားနိုင်ငံ၏ တိုက်လေယာဉ် အမျိုးအစားတစ်မျိုးနှင့် ပုံစံချင်းနီးစပ်မှုရှိသောကြောင့် မဟာအင်အားကြီး အမေရိကန်ပြည်ထောင်စုကို အမီလိုက်ရန် ကြိုးပမ်းနေသော တရုတ်အား ရုရှားက နောက်ကွယ်မှ ပံ့ပိုးနေဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး၏ တရုတ်နိုင်ငံခရီးစဉ်ကာလ ဇန်နဝါရီလအတွင်း စမ်းသပ်ပျံသန်းခဲ့သော ဂျေ-၂၀ တိုက်လေယာဉ်သည် ရုရှား၏ မီကိုယန် ၁ ဒသမ ၄၄ အမျိုးအစား ရေဒါထောက်လှမ်းမှုအား ရှောင်တိမ်းနိုင်သည့် တိုက်လေယာဉ်**(ယာပုံ)**ကို အခြေခံတည်ဆောက်ထားခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ပုံစံချင်းနီးစပ်

လေယာဉ်အမျိုးအစားနှစ်ရပ်အကြား ပုံစံချင်းနီးစပ်မှုရှိခြင်းသည် တရုတ်စစ်လက်နက်ပုံစံထုတ်လုပ်သူများလက်သို့ မီကိုယန်တိုက်လေယာဉ်နည်းပညာရောက်ရှိခဲ့သည်ကို ဖော်ညွှန်းလျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနနှင့် နီးစပ်သော သတင်းအရင်းအမြစ်များက ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မှတ်ချက်တစ်စုံတစ်ရာပေးရန် တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ငြင်းဆန်ခဲ့သည်။

မရောက်ခဲ့ရ

မီကိုယန် ကိုယ်ပျောက်တိုက်လေယာဉ် တည်ဆောက်ထုတ်လုပ်ရေးစီမံကိန်းအား ကြီးကြပ်ကွပ်ကဲသော ရုရှား ယူအေစီ လေယာဉ်ကုမ္ပဏီကမူ မည်သည့်နည်းပညာနှင့် ဒီဇိုင်းပုံစံမှ တရုတ်နိုင်ငံ၏ လက်သို့ ရောက်ရှိခဲ့ခြင်း မရှိကြောင်း ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံး၌ ပဥ္စမမြောက်မျိုးဆက် ရေဒါထောက်လှမ်းမှုအား ရှောင်ရှားနိုင်သည့်တိုက်လေယာဉ်များကို လက်တွေ့အသုံးပြုနိုင်သော နိုင်ငံမှာ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းသာရှိသည်။

ရုရှားနိုင်ငံသည် ၎င်း၏ ပဥ္စမမြောက် မျိုးဆက်တိုက်လေယာဉ်များကို လာမည့်ငါးနှစ်မှ ခြောက်နှစ်အတွင်း ထုတ်လုပ်အသုံးပြုနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ဂျေ-၂၀ ပဥ္စမမြောက် မျိုးဆက်တိုက်လေယာဉ်ကို တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် စစ်ရေးနည်းပညာအရ ကမ္ဘာပေါ်၌ ထိပ်တန်းအကျဆုံး နိုင်ငံများစာရင်း၌ ပါဝင်ခဲ့ပြီဖြစ်သည်။ **အင်တာနက်။**

ကမ္ဘာမြေ၏ဒြပ်ထု ပိုမိုကြီးမားလာခြင်းမရှိကြောင်း နာဆာသိပ္ပံပညာရှင်များ ပြောကြား

ပါဆာဒီးနား ဩဂုတ် ၁၈

ကမ္ဘာမြေကြီး၏ ဒြပ်ထုသည် လက်ရှိအခြေအနေထက် ပိုမိုကြီးမားလာခြင်းမရှိသည့်အချက်ကို အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ(နာဆာ)မှ သုတေသနပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများတွင်ဖော်ပြသည်။

ချေဖျက်ရာရောက်

ကမ္ဘာကြီး၏ ဒြပ်ထုပိုမိုကြီးမားလာခြင်းမရှိသည့်အဖြစ်အား နာဆာသုတေသနပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာမြေကြီးသည် အလေးချိန်ပြဿနာနှင့် ကြုံနေရပြီဟူသော မကြာခဏ ထွက်ပေါ်လာတတ်သည့် ကောလာဟလများကို ချေဖျက်ရာရောက်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် အယူအဆအမျိုးမျိုးကို အဆိုပြု၍ ကမ္ဘာမြေကြီး၏ဒြပ်ထု ကျုံ့လာနိုင်ဖွယ် သို့မဟုတ် ကျယ်ကားလာဖွယ်ရှိမှုအား မှန်းဆတွက်ချက်ခဲ့ကြကြောင်း နာဆာအဖွဲ့၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကမ္ဘာမြေကြီး၏ အချင်းဝက်သည် တစ်နှစ်လျှင် ပျမ်းမျှ သုည ဒသမ ၀၀၄ လက်မနှုန်းဖြင့် အပြောင်းအလဲရှိကြောင်း သုတေသနပညာရှင်များက လေ့လာသိရှိခဲ့ကြသည်။

သုည ဒသမ ၀၀၄ လက်မရှိသောဒြပ်ထုမှာ လူ့ဆံခြည်မျှင်၏ အထူခန့်မျှသာရှိမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ ***အင်တာနက်။***

အာကာသဇိမ်ခံဟိုတယ်စီမံကိန်းအသေးစိတ် ရုရှားအာကာသကုမ္ပဏီ ထုတ်ဖော်ပြောကြား

ရုရှားနိုင်ငံ၏ အာကာသဇိမ်ခံဟိုတယ်တွင် ပါဝင်မည့် အာကာသ ခရီးသည်များ သက်သောင့်သက်သာ နားနိုင်သည့် အခန်း တစ်ခန်း။

မော်စကို ဩဂုတ် ၁၈

ကြေးရတတ်အထူးခရီးသွားများအတွက် ရည်ရွယ်၍ ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၃၅၀ တွင် တည်ဆောက်မည့် အာကာသဟိုတယ်စီမံကိန်း၏ အသေးစိတ်အချက်အလက်များအား ရုရှားအာကာသနည်းပညာကုမ္ပဏီက ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ကမ္ဘာ့မြေပြင်အထက်၌ အာကာသဟိုတယ်တစ်လုံး တည်ဆောက်မည့်စီမံကိန်းကို လွန်ခဲ့သော တစ်နှစ်ခန့်ကာလ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ယင်းကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်သည်။

ယခုအခါ ရုရှားအာကာသနည်းပညာကုမ္ပဏီသည် အာကာသဟိုတယ်ခရီးစဉ်အတွက် ကျသင့်မည့်ကုန်ကျစရိတ် အသေးစိတ်ကိုပါ ဖော်ထုတ်ကြေညာလိုက်ပြီဖြစ်သည်။

အာကာသဟိုတယ်၌ ငါးရက်ကြာတည်းခိုစရိတ်သည် အမေရိကန်ဒေါ်လာ ၁၆၀၀၀၀ခန့် ကျသင့်မည်ဖြစ်ပြီး ရုရှားဆိုယုဇ် အာကာသယာဉ်ကို အသွင်ပြောင်းထားသော စီးပွားဖြစ် အာကာသစခန်း (စီအက်စ်အက်စ်)၌ နှစ်ရက်ကြာ တက်ရောက်နေထိုင်မှု အပါအဝင် ခရီးစဉ်တစ်ခုလုံးအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၈၀၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ဒေးလီးမေးလ် သတင်းစာတွင် ဖော်ပြသည်။

အာကာသဇိမ်ခံဟိုတယ်၌ အခန်းလေးခန်းပါဝင်၍ ခရီးသည်ခုနစ်ဦး သက်သောင့်သက်သာတည်းခိုနေထိုင်နိုင်သည်။ အလေးချိန်ကင်းမဲ့သော အာကာသအတွင်း၌ ခရီးသည်များအနေဖြင့် ရေပြင်ညီအနေအထားရှိ အိပ်ရာကိုသော်လည်းကောင်း၊ ဒေါင်လိုက်အနေအထားရှိ အိပ်ရာကိုသော်လည်းကောင်း ရွေးချယ်နိုင်မည်ဖြစ်သည်။

အာကာသဇိမ်ခံဟိုတယ်၌ အစားအစာများအား ကမ္ဘာမြေပေါ်၌ တည်ခင်းသည့်အတိုင်း မှာယူသုံးဆောင်နိုင်သော်လည်း အရက်သေစာသောက်စားမှုကို တင်းကျပ်စွာ တားမြစ်ထားသည်။ ၂၀၁၆ ခုနှစ်၌ ပထမဆုံးဧည့်သည်တော်ကို ကြိုဆိုဧည့်ခံနိုင်မည်ဟု မျှော်လင့်ရသော အာကာသဟိုတယ်စီမံကိန်းအား ကြေးရတတ်လူချမ်းသာများနှင့် အာကာသစူးစမ်းလေ့လာရေး ကုမ္ပဏီများအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ **အင်တာနက်။**

သမုဒ္ဒရာများ၌ အသံညစ်ညမ်းမှု အကျိုးသက်ရောက်ချက်များ ကုလသမဂ္ဂလေ့လာမည်

ကုလသမဂ္ဂ ဩဂုတ် ၁၈

လူသားတို့၏ ပယောဂကြောင့်ဖြစ်ပေါ်ရသည့် အသံညစ်ညမ်းမှုသည် ရေနေသတ္တဝါများအပေါ် မည်သို့ မည်ပုံ အကျိုးသက်ရောက်မှုရှိသည်ကို သိနားလည်ရေးအတွက် ၁၀ နှစ်ကြာ လေ့လာမှုစီမံကိန်းတစ်ရပ်အား ကုလသမဂ္ဂက စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဩဂုတ် ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့သမုဒ္ဒရာများနှင့် ပတ်သက်၍ လူသားတို့၏ အပြုအမူများကြောင့် ရေနေသတ္တဝါများ၏ အစာရှာဖွေနိုင်စွမ်း၊ မျိုးပွားနိုင်စွမ်းနှင့် အန္တရာယ်မှ ရှောင်ရှားနိုင်စွမ်းများ ကျဆင်းခဲ့ရခြင်း ရှိ/မရှိကို နိုင်ငံတကာမှ သိပ္ပံပညာရှင်များက စုပေါင်းလေ့လာကြမည်ဖြစ်သည်။

လူသားများက အမြင်အာရုံအား အဓိကအားထားနေရသည့်နည်းတူ ရေနေသတ္တဝါအများအပြားသည် ဂေဟဗေဒဆိုင်ရာ သတင်းအရင်းအမြစ်များအဖြစ် အသံလှိုင်းများကို မှီခိုကြရကြောင်း ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ဩဂုတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ နိုင်ငံတကာမှ သုတေသနပညာရှင်များသည် ဩဂုတ် ၃၀ ရက်တွင် တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ပြီး အသံညစ်ညမ်းမှုကြောင့် ရေနေသတ္တဝါများအပေါ် မည်သည့်အကျိုးသက်ရောက်မှုများ ရှိသည်ကို စတင်လေ့လာကြမည်ဖြစ်သည်။ **ယူပီအိုင်။**

ဆေးယဉ်ပါးဗက်တီးရီးယားပိုးတိုက်ဖျက်ရန် အီး-ကိုလီ ဗက်တီးရီးယားကို မျိုးဗီဇပြောင်း

ဟောင်ကောင် ဩဂုတ် ၁၈

ဆေးရုံများ၌ ပျံ့နှံ့တည်ရှိပြီး ကိုယ်ခံအားနည်းသော လူနာများအား အသက်အန္တရာယ် ကျရောက်စေနိုင်သည့် ဆေးယဉ်ပါး အဏုဇီဝပိုးမွှားတစ်မျိုးအား တိုက်ဖျက်ရေးအတွက် အန္တရာယ်မရှိသော ဗက်တီးရီးယားပိုးတစ်မျိုးကို မျိုးရိုးဗီဇအင်ဂျင်နီယာပညာဖြင့် စင်ကာပူသိပ္ပံပညာရှင်များက အသွင်ပြောင်းလဲပေးခဲ့ကြောင်း ဩဂုတ် ၁၆ ရက် သတင်းများတွင် ဖော်ပြသည်။

Pseudomonas aeruginosa အမည်ရှိ ဗက်တီးရီးယားပိုးကို နှိမ်နင်းတိုက်ဖျက်ရန်အတွက် စင်ကာပူ သိပ္ပံပညာရှင်များသည် လူသားများ၏ အူအင်္ဂါအတွင်းရှိတတ်သော အီး-ကိုလီ (E-coli) ဗက်တီးရီးယားအား မျိုးရိုးဗီဇအင်ဂျင်နီယာပညာဖြင့် ကိုယ်စောင့် အဏုဇီဝပိုးမွှားအဖြစ် အသွင်ပြောင်းဖန်တီးခဲ့ကြသည်။

မျိုးရိုးဗီဇပြုပြင်ခံထားရသော အီး-ကိုလီ ဗက်တီးရီးယားများသည် လူတို့အား အန္တရာယ်ပြုတတ်သော aeruginosa ဗက်တီးရီးယားများ တည်ရှိသည့်နေရာကို ထောက်လှမ်းကာ သုတ်သင်ရေးမော်လီကျူးများထုတ်လွှတ်၍ ရန်သူပိုးမွှားအား နှိမ်နင်းတိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း စင်ကာပူ နန်ယန်းနည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ပဋိဇီဝဆေးဝါးအတော်များများသည် ဗက်တီးရီးယားပိုးများကို အဆိုးအကောင်းမရွေး ထိုးနှက်ဖျက်ဆီးတတ်သော်လည်း မျိုးဗီဇအသွင်ပြောင်း အီး-ကိုလီ ဗက်တီးရီးယားများမှာ လူ့ခန္ဓာကိုယ်အတွင်း ကျူးကျော်လာသူ ရန်သူပိုးမွှားများကိုသာ ရွေးချယ် တိုက်ဖျက်နိုင်ကြောင်း သိရသည်။

စင်ကာပူသိပ္ပံပညာရှင်များသည် မျိုးဗီဇပြောင်း အီး-ကိုလီ ဗက်တီးရီးယားများကို တိရစ္ဆာန်များနှင့် စမ်းသပ်လျက်ရှိပြီး နောက်ပိုင်း၌ Pseudomonas aeruginosa ဗက်တီးရီးယား ကူးစက်ခံထားရသူ လူသားများနှင့် စမ်းသပ်နိုင်ရန် မျှော်လင့်ထားသည်။ ***အင်တာနက်။***

အီး-ကိုလီ ဗက်တီးရီးယားကို အီလက်ထရွန်နစ် အဏုကြည့်မှန်ဘီလူးဖြင့် တွေ့ရစဉ်။

နှစ်ရက်အတွင်းဖြစ်ပွားသော အကြမ်းဖက်မှုများကြောင့် ပါကစ္စတန်နိုင်ငံသား ၃၉ ဦး သေဆုံး

ကရာချိ ဩဂုတ် ၁၈

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ် ကရာချိမြို့၌ နှစ်ရက်တာ ကာလအတွင်း ပေါ်ပေါက်ခဲ့သော အကြမ်းဖက်မှုများကြောင့် လူ ၃၉ ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်အာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

ကရာချိမြို့ မြို့တွင်းလမ်းများပေါ်၌ လုံခြုံရေးစောင့်ကြပ်နေသော ပါကစ္စတန် ရဲတပ်ဖွဲ့ဝင်များ။

မကြာသေးမီကာလအတွင်း ကရာချိမြို့တော်၌ ဖြစ်ပွားခဲ့သော လူသတ် အကြမ်းဖက်မှုများသည် မြို့တော်ရှိ အဓိက နိုင်ငံရေးပါတီများနှင့် ပတ်သက်နေသည့် ဂိုဏ်းဂဏစွဲဝါဒီများ၏ ပယောဂမကင်းကြောင်း ကြာသပတေးနေ့တွင် ပြောကြားသည်။

စီးပွားရေးမတည်ငြိမ်မှု၊ အစွန်းရောက်ဝါဒီများ၏ ထကြွမှုတို့နှင့် လိပ်ပတ်မလည်သော ဆင်းပြည်နယ် အစိုးရမှာလည်း ကရာချိမြို့၌ ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကို နိုင်နိုင်နင်းနင်း ဖြေရှင်းနိုင်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ကရာချိမြို့၌ အကြမ်းဖက်မှုများကြောင့် ဩဂုတ် ၁၇ ရက်တွင် လူ ၁၇ ဦး သေဆုံးခဲ့ရပြီး ဩဂုတ် ၁၈ ရက်(ယနေ့) ဖြစ်ပွားသော အကြမ်းဖက်မှုများကြောင့် ၂၂ ဦးသေဆုံးခဲ့ရကြောင်း ကရာချိမြို့ ရဲတပ်ဖွဲ့အကြီးအကဲ ဆွဒ်မီဟာဇာက ပြောကြားသည်။

လူဦးရေ ၁၈ သန်းနေထိုင်ပြီး ပါကစ္စတန်၏ အကြီးဆုံး မြို့တော်ဖြစ်သည့် ကရာချိမြို့တော်အတွင်း နိုင်ငံရေးပါတီများ၏ သစ္စာခံဂိုဏ်းအဖွဲ့များသည် အကြမ်းဖက်လုပ်ရပ်များအား ဖန်တီးနေကြပြီး အကြောင်းပြချက်အမျိုးမျိုးဖြင့် လူများအား ပြန်ပေးဆွဲသတ်ဖြတ်နေကြောင်း ဆင်းပြည်နယ်အစိုးရ လုံခြုံရေးဆိုင်ရာ အကြံပေးက ပြောကြားသည်။ **အင်တာနက်။**

☆ တပ်မတော်(ရေ)မှ

သီရိလင်္ကာသံရုံးမှ သတင်းပေးပို့ခဲ့ရာ ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ညှိနှိုင်းကွပ်ကဲမှုဌာနချုပ် (MRCC) တာဝန်ထမ်းဆောင်လျက်ရှိသော ဇရာဝတီရေတပ်စခန်းဌာနချုပ်သည် မြန်မာ့ရေပြင်တွင် အဆိုပါရေယာဉ် ရောက်ရှိနေခြင်းရှိ/မရှိ စုံစမ်းကယ်ဆယ်ရေးဆောင်ရွက်ရန် တပ်မတော်(ရေ) စစ်ရေယာဉ်များသို့ သတင်းချပြ ရှာဖွေစေခဲ့ကြောင်း၊ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် စက်ပျက်၍ မျောနေသော အဆိုပါ ရေယာဉ်အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သံတွဲမြို့ သပြုချိုင်ဆိပ်ကမ်းသို့ တွဲဆွဲပြီး ကယ်ဆယ်ရေးဆောင်ရွက်ပေးခဲ့ကြောင်း၊ သပြုချိုင်ဆိပ်ကမ်းတွင် နယ်မြေခံရေတပ်နှင့် ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများက သွားရောက်ကြည့်ရှုအားပေးပြီး ရေလုပ်သားခြောက်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေလုပ်သားများအား သက်ဆိုင်ရာ သံရုံးမှတစ်ဆင့် ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

❖ မြန်မာနိုင်ငံမှ

တိရစ္ဆာန်တွေကို လေယာဉ်ပေါ်ကချကားတွေပေါ်တင်ပြီး သူတို့ကိုထားမယ့် တိရစ္ဆာန်ဥယျာဉ်တွေဆီ တိုက်ရိုက်တန်းပို့ခဲ့ပါတယ်။ အားလုံး ၅၈ ကောင်ပါ”ဟု ပြောကြားသည်။

ရောက်ရှိလာသော တိရစ္ဆာန်များမှာ ခြင်္သေ့ဖြူ အထီးနှစ်ကောင်၊ အမလေးကောင် ပေါင်းခြောက်ကောင်၊ ခြင်္သေ့ညို အထီး တစ်ကောင်၊ အမ သုံးကောင် ပေါင်း လေးကောင်၊ ကျားဖြူ အထီးအမ တစ်စုံ၊ ကျားဝါ အထီး နှစ်ကောင်၊ အမ နှစ်ကောင် ပေါင်းလေးကောင်၊ သစ်ကုလားအုတ် အထီး နှစ်ကောင်၊ အမ လေးကောင် ပေါင်းခြောက်ကောင်၊ ရေမြင်း အထီးအမ တစ်စုံ၊ နူးသမင် အထီး သုံးကောင်၊ အမ ကိုးကောင် ပေါင်း ၁၂ ကောင်၊ ညာလာသမင် အထီး လေးကောင်၊ အမ ရှစ်ကောင် ပေါင်း ၁၂ ကောင်၊ မြင်းကျား အမ ခြောက်ကောင်၊ ငှက်ကုလားအုတ် အထီး တစ်ကောင်၊ အမ သုံးကောင် ပေါင်း လေးကောင် စုစုပေါင်း တိရစ္ဆာန်ကောင်ရေ အထီး ၁၇ ကောင်၊ အမ ၄၁ကောင် ပေါင်း ၅၈ ကောင်ဖြစ်သည်။

“ဒီတိရစ္ဆာန်တွေအနက် ခြင်္သေ့ဖြူ၊ နူးသမင် (Gnu) နဲ့ ညာလာသမင် (Nyala) တို့က မြန်မာနိုင်ငံမှာ မရှိသေးတဲ့မျိုးစိတ်သစ်တွေပါ။ ပြည်သူတွေထူးထူးခြားခြား လေ့လာကြည့်ရှုခွင့်ရအောင် မှာယူခဲ့တာပါ။ ကျန်တဲ့တိရစ္ဆာန်တွေကတော့ မျိုးဆက်ပြန့်ပွားရေးအတွက်ပါ။ ကမ္ဘာပေါ်မှာ တိရစ္ဆာန်တွေက မျိုးတုံးမယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး အချို့ဆိုရင် လုံးဝပျောက်ကွယ်သွားပါပြီ။ ဒါကြောင့် ကမ္ဘာအရပ်ရပ်က တိရစ္ဆာန်ဥယျာဉ်တွေ၊ ဆာဖာရီဥယျာဉ်တွေဟာ တိရစ္ဆာန်တွေကို ထိန်းသိမ်းမွေးမြူပြသရုံသာမက မျိုးဆက်ပြန့်ပွားရေးကိုလည်း ဆောင်ရွက်လာကြရပါတယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ တိရစ္ဆာန်ဥယျာဉ်တွေနဲ့ ဆာဖာရီဥယျာဉ်တို့မှာလည်း မျိုးဆက်ပွားလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆွေမျိုးတော်စပ်ပြီး သွေးနီးတဲ့ မောင်နှမလို တိရစ္ဆာန်အချင်းချင်း သားစပ်ရင် မွေးလာတဲ့ သားပေါက်တွေက ခန္ဓာမသန်စွမ်းတာ၊ မျက်စိမမြင်တာစတဲ့ မျိုးရိုးညံ့ဖျင်းမှုတွေ ဖြစ်လာတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီလို မျိုးနီးသားစပ်မှု (Imbreed) ကို ရှောင်လွှဲလိုတဲ့အတွက် မျိုးစိတ်တူတိရစ္ဆာန် အသစ်တွေကို မှာယူတင်သွင်းခဲ့တာပါ” ဟု ညွှန်ကြားရေးမှူး ဦးဇော်မင်းက ရှင်းပြသည်။

ရောက်ရှိလာသည့် တိရစ္ဆာန်များအနက် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တွင် ခြင်္သေ့ဖြူအထီးတစ်ကောင်၊ အမသုံးကောင် ပေါင်း လေးကောင်း၊ ကျားဖြူ အထီးအမတစ်စုံ၊ သစ်ကုလားအုတ် အထီးတစ်ကောင်၊ အမသုံးကောင် ပေါင်းလေးကောင်နှင့် ရေမြင်းအထီးအမ တစ်စုံတို့အား ထားရှိမွေးမြူသွားမည် ဖြစ်သည်။

အလားတူ ဆာဖာရီဥယျာဉ်ကြီးတွင် ခြင်္သေ့ညိုအမနှစ်ကောင်၊ နူးသမင်၊ ညာလာသမင်၊ မြင်းကျားနှင့် ငှက်ကုလားအုတ်

အသစ်ရောက်ရှိလာသော သစ်ကုလားအုတ်များကို တွေ့ရစဉ်။

အားလုံး တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် ခြင်္သေ့ညိုနှင့် ကျားဝါအထီးအမတစ်စုံစီ၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် ကျားဝါ အထီးအမတစ်စုံတို့ကိုလည်း မွေးမြူပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

“တိရစ္ဆာန်တွေအားလုံး သက်ဆိုင်ရာ ဥယျာဉ်တွေဆီ ရောက်ရှိနေပါပြီ။ ရန်ကုန်မှာရှိတဲ့ တိရစ္ဆာန်ဥယျာဉ်အတွက် ခြင်္သေ့ဖြူ တစ်စုံနဲ့ သစ်ကုလားအုတ်တစ်စုံ ထပ်ပို့ပေးဦးမှာပါ။ လေလောဆယ်မှာတော့ နေပြည်တော်မှာပဲ ခဏထိန်းသိမ်းထားပါတယ်။ အဲဒီဥယျာဉ်မှာ သူတို့အတွက် အဆောက်အအုံတွေ၊ လှောင်ကွင်းတွေ ဆောက်လုပ်နေတုန်းပါ။ နေရာအဆင်သင့်ဖြစ်တာနဲ့ ချက်ချင်းပို့ပေးဖို့ စီစဉ်ထားပါတယ်” ဟု ဦးဇော်မင်းက ဆက်၍ ရှင်းပြသည်။

တောင်အာဖရိကနိုင်ငံမှ တိရစ္ဆာန် တင်သွင်းမှုသည် ယခုအကြိမ်မှာ ဒုတိယအသုတ်အဖြစ် တင်သွင်းခြင်းဖြစ်သည်။ ပထမအကြိမ်အဖြစ် တင်သွင်းခဲ့သည့် တိရစ္ဆာန်များမှာ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်က နေပြည်တော်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ယင်းအသုတ်တွင် သစ်ကုလားအုတ်၊ ကြံ့ဖြူ၊ မြင်းကျား၊ ငှက်ကုလားအုတ်၊ ဆိတ်သမင်၊ ကုလားအုတ်၊ ခြင်္သေ့ညို၊ အင်ပါလာသမင်နှင့် သားပိုက်ကောင် စုစုပေါင်းကောင်ရေ ၆၀ ပါရှိခဲ့သည်။

တိရစ္ဆာန်များတင်သွင်းမှုနှင့်ပတ်သက်၍ Mr.Mike Bester က “ယခုတင်ပို့တဲ့ တိရစ္ဆာန်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ နည်းစနစ်များနဲ့ လိုအပ်တာတွေကို ကူညီပြသပေးဖို့ တောင်အာဖရိကနိုင်ငံကနေ တိရစ္ဆာန်တင်လေယာဉ်နဲ့အတူ လိုက်လာတာပါ။ ကျွန်တော်နဲ့အတူ တိရစ္ဆာန်ဆရာဝန်လဲ ပါလာပါတယ်။ ကျွန်တော်တို့က တိရစ္ဆာန်တွေ ဒီမှာ နေသားကျသည်အထိ တစ်ပတ်လောက် စောင့်ကြည့်ပြီး ကူညီပြုစုပေးသွားမှာပါ။ ဒီတစ်ခေါက်က မြန်မာနိုင်ငံကို ဒုတိယအကြိမ်အဖြစ် ရောက်ဖူးတာပါ။ ပထမအကြိမ် တိရစ္ဆာန်တွေတင်ပို့တုန်းကလဲ ကျွန်တော်လိုက်လာခဲ့ဖူးပါတယ်” ဟု ရှင်းပြသည်။

မြန်မာနိုင်ငံသို့ တင်ပို့မည့် တိရစ္ဆာန်များအနက် အချို့မှာ အာဖရိကတောတွင်းမှ ဖမ်းဆီးရကြောင်း၊ အချို့မှာမူ အာဖရိကရှိ တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်များမှ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ယူရကြောင်း၊ ယင်းသို့ ဖမ်းဆီးရွေးချယ်ရယူပြီးနောက် တိရစ္ဆာန်ထိန်းသိမ်းရေးစခန်း (Quarantine) များတွင် သုံးလခန့်ထားရှိပြီး ကူးစက်ရောဂါနှင့် အခြားရောဂါများ ကင်းရှင်းစေရန် ဆေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ တောင်အာဖရိကနိုင်ငံ တိရစ္ဆာန်ရောဂါရှာဖွေရေးဌာနကလည်း သုံးကြိမ်လာရောက်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးမှသာလျှင် လေယာဉ်ဖြင့် တင်ပို့ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ၎င်းက ဆက်လက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းတို့အဖွဲ့နှင့်အတူ ဆာဖာရီဥယျာဉ်သို့ ရောက်ရှိခဲ့သည်။ ဥယျာဉ်ကြီးကား သစ်တောသစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည်လျက်။ သဘာဝသစ်တောကြီးတစ်ခုအတွင်း သွားလာရသကဲ့သို့ခံစားရသည်။ အဆိုပါ ဥယျာဉ်ကြီးကို ယခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်က သစ်ပင်အများစုမှာ စိုက်ပျိုးပြီးခါစသာ ရှိသေးသည်။

“အရင်က ဒီနေရာမှာ သစ်ပင်သိပ်မရှိဘူးဗျ၊ ဆာဖာရီဥယျာဉ်ကြီးစတည်ထောင်မှ သစ်ပင်တွေ တော်တော်များများ စိုက်ခဲ့ရတယ်။ ဒီနှစ် မိုးကလဲကောင်းတော့ သစ်ပင်တွေအဖြစ်မြန်ပြီး တောထလာတာပေါ့ဗျာ”ဟု ဆာဖာရီဥယျာဉ် အုပ်ချုပ်ရေးမှူးဖြစ်သူ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွန်းက ပြောပြသည်။ ဥယျာဉ်အတွင်းတွင်ကား အာရှသမင်၊ နွားနောက်၊ သားပိုက်ကောင်၊ ကြံ့ဖြူ ကုလားအုတ်၊ သစ်ကုလားအုတ်၊ ငှက်ကုလားအုတ်၊ မြင်းကျား၊ ဆိတ်သမင်၊ ကျားနှင့် ခြင်္သေ့စသည့် တိရစ္ဆာန်များမှာ သဘာဝအတိုင်း လွတ်လပ်စွာ ကျက်စားလျက်ရှိသည်။

အာရှသမင်များကား မြူးထူးပျော်ပါးစွာဖြင့် ဟိုသည်ပြေးလွှားဆော့ကစားနေကြသည်။ မိဂဒါဝုန်တောပမာတည်း။ သားပိုက်ကောင်လေးများကလည်း ခုန်ဆွခုန်ဆွဖြင့် အပြေးလာကာ ခရီးဦးကြိုကြသည်။ ထိုမှတစ်ဆင့်အသစ်ရောက်ရှိလာသည့် နူးသမင်နှင့် ညာလာသမင်များကို သီးခြားထိန်းသိမ်းထားသည့် နေရာသို့ ရောက်ရှိသည်။ ယင်းသမင်များကား အာရှဒေသရှိသမင်များနှင့်မတူဘဲ အရောင်အသွေးနှင့် ပုံသဏ္ဌာန်ထူးခြားသည်။ ရောက်ခါစဖြစ်၍ အနေစိမ်းကာ လူနှင့်မရင်းနှီးလှသေးပေ။

“ကျေးရွာတွေမှာ မွေးထားတဲ့ကြက်တွေ အိပ်တန်းတက်သင်သလိုပေါ့ဗျာ။ သူသွားရမယ့်နေရာ၊ နားရမယ့်နေရာ၊ အစာစားရမယ့်နေရာနဲ့ အိပ်ရမယ့်နေရာတွေကို မှတ်မိသွားအောင်၊ အနေယဉ်သွားအောင်လို့ ဒီလိုခဏထိန်းသိမ်း ထားရပါတယ်။ ရက်ပိုင်းအတွင်း သူတို့ကို လွှတ်ကွင်းမှာ လွှတ်တော့မှာပါ၊ အခြားတိရစ္ဆာန်ဥယျာဉ်တွေမှာလဲ အခုအသစ်ရောက်တဲ့ တိရစ္ဆာန်တွေ အနေယဉ်သွားရင် မကြာမီမှာဘဲ ပြသသွားဖို့ စီစဉ်ထားပါတယ်”ဟု ဦးဇော်မင်းက ရှင်းပြသည်။

ထို့နောက် ဥယျာဉ်အတွင်း ဆက်လက်လှည့်လည်လေ့လာခဲ့သည်။ ဥယျာဉ်ကြီးကား မြေပြန့်၊ ကုန်းစောင်း၊ တောင်ကုန်းလေးများဖြင့် သဘာဝကျစွာဖြစ်တည်လျက်ရှိသည်။ လည်တံရှည်သစ်ကုလားအုတ်ကြီးများ၊ မြင်းကျားများကား တောင်ကုန်းလေးပေါ်ရှိ စားကျက်အတွင်း၌ သူ့အစုနှင့်သူ အတူတကွအစာရှာဖွေ စားသောက်နေကြသည်။ လည်ဆံမွေးဖွားဖွား ဦးချိုကားကားနှင့် ဆိတ်သမင်ဖိုကြီးသည်လည်း သမင်မများခြံရံလျက် အေးချမ်းစွာ အနားယူနေသည်။

သွားရင်းလာရင်းမှာပင် Mr.Mike Bester က“ကျွန်တော်နေပြည်တော်ကို ရောက်ရှိနေစဉ်မှာ တိရစ္ဆာန်ဥယျာဉ်နဲ့ ဆာဖာရီဥယျာဉ်တို့ကို အသေးစိတ် လှည့်လည် လေ့လာလည်ပတ် ကြည့်ရှုခဲ့ပြီးပါပြီ။ ဥယျာဉ်နှစ်ခုလုံးမှာ လူတွေသွားလာတဲ့နေရာတွေအပြင် တိရစ္ဆာန်ပြကွက်တွေမှာပါ သန့်ရှင်းသန့်ရပ်မှု အထူးကောင်းမွန်တာကို တွေ့ရပါတယ်။ ကျွန်တော့်ကိုယ်ပိုင် တိရစ္ဆာန်ဥယျာဉ်က ဝန်ထမ်းတွေကိုတောင်ခေါ်လာပြီး စံနမူနာအဖြစ်ပြသချင်ပါတယ်။ ဒါ့အပြင် တိရစ္ဆာန်တွေကို မေတ္တာစိတ်အရင်းခံနဲ့ ကြင်ကြင်နာနာကိုင်တွယ် ထိန်းသိမ်းနေတာကို တော်တော်သဘောကျ နှစ်ခြိုက်မိတယ်ဗျာ”ဟု ပြောကြားသည်။

ထို့နောက် သစ်ကုလားအုတ်၊ မြင်းကျား၊ ငှက်ကုလားအုတ်တို့ကို ညွှန်ပြရင်း“ကျွန်တော်ပထမအသုတ် တင်သွင်းခဲ့တဲ့ ဒီတိရစ္ဆာန်တွေရဲ့ ကြီးထွားလာမှုနဲ့ ကျန်းမာရေးကလည်း အထူးကောင်းမွန်နေတာကို တွေ့ရတယ်ဗျ၊ ဒီလိုကျန်းမာသန်စွမ်းနေဖို့အတွက် ပြုစုစောင့်ရှောက်မှုက အရေးပါသလိုပဲ။ ဥယျာဉ်နေရာရွေးချယ်မှုမှန်ကန်ဖို့ကလဲ အဓိကကျပါတယ်။ ဒီဥယျာဉ်ကြီးဟာ ပြည့်စုံကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပေးထားနိုင်တာကို တွေ့ရပါတယ်။ အထူးသဖြင့် ကျောက်တောင်ကုန်းတွေပေါ်မှာ နေထိုင်ရတာကို နှစ်သက်တဲ့ ဆိတ်သမင် (Barbary Sheep) တွေအတွက် သဘာဝကျောက်တောင်နဲ့ လူလုပ်ကျောက်ဂူတွေ ဖန်တီးပေးထားတာ တော်တော်ကောင်းတယ်ဗျ”ဟု ၎င်းက ရှင်းပြသည်။

ခြင်္သေ့ပြကွက်ရှိ လှောင်အိမ်တစ်ခု၌ ခြင်္သေ့ဖြူအထီးအမတစ်စုံကို ထိန်းသိမ်းထားသည်။ ခြင်္သေ့ကြီးများ၏ အရောင်အသွေးကား ဆွတ်ဆွတ်ဖြူဖွေးလျက်ရှိသည်။ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိလာသည့် မျိုးစိတ်သစ်ဖြစ်သည်။ ယင်းခြင်္သေ့ကြီးများကို တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ပေးပို့မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိခဲ့သည်။ မြင့်မားသော သဘာဝကျောက်တောင်ကြီးများ နောက်ခံဖြင့် သစ်ကုလားအုတ်များကို တွေ့မြင်ရသည်မှာ အလွန်မျက်စိပသာဒရှိလှသည်။ သစ်ကုလားအုတ်များမှာ ရောက်ခါစဖြစ်၍ နေသားကျသေးဟန်မတူ။ လူမြင်လျှင်ပင် အနည်းငယ် လန့်နေသေးသည့်ဟန်ကို တွေ့ရသည်။ အဆိုပါ သစ်ကုလားအုတ်ပြကွက်အနီးတွင်ကား ရေမြင်းပြကွက်ရှိသည်။ အသစ်ရောက်ရှိလာသော ရေမြင်းကြီးများကား ရေထဲမှာစိမ်လျက် ဇိမ်ကျနေသည်။ ယင်းပြကွက်မှာ သဘာဝအနေအထားပေါ်တွင် တည်ဆောက်ထားသဖြင့် ရေမြင်းများအတွက် အထူးပင်ကောင်းမွန်လှကြောင်း၊ ယခုကဲ့သို့ သဘာဝကျလှသည့် ရေမြင်းပြကွက်မှာ ကမ္ဘာပေါ်တွင် ဤဥယျာဉ်နှင့် အမေရိကန်နိုင်ငံရှိ Bush Garden Park တို့တွင်သာ မိမိမြင်တွေ့ဖူးပါကြောင်း Mr. Mike Bester က မှတ်ချက်ပြုသည်။

မျိုးစိတ်သစ်ဖြစ်သည့် ခြင်္သေ့ဖြူကြီးများ။

ထိုမှတစ်ဆင့် ကျားဖြူများထားရှိရာ လှောင်အိမ်သို့ရောက်ရှိသည်။ အထီးနှင့်အမကို သီးခြားခွဲထားသည်။ ကျားဖြူအထီးကြီးကား အသက် သုံးနှစ်သားခန့်၊ အမမှာ နှစ်နှစ်ခွဲခန့်သာ ရှိသေးသည်။ နှစ်ကောင်စလုံး အလုံးအထည်ဖွံ့ထွားသည်။ ယခင်ရှိပြီးသား ကျားဖြူများထက် အလျားပိုရှည်ကြောင်း တိရစ္ဆာန်ထိန်းဝန်ထမ်းက ပြောပြသည်။အဖြူပေါ်တွင် အနက်ရောင်အစင်းများပါရှိသဖြင့် ကြည့်ရသည်မှာ တစ်မူဆန်းပြားလျက်ရှိသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တွင် နို့တိုက်၊ ကျေးငှက်နှင့် တွားသွားသတ္တဝါ အမျိုးပေါင်း ၈၆မျိုး၊ ကောင်ရေ ၅၄၇ ကောင်ရှိသည်။ ယခုထပ်မံ၍ တိရစ္ဆာန် အမျိုးပေါင်း လေးမျိုး၊ ကောင်ရေ ၁၂ ကောင် ရောက်ရှိလာပြီဖြစ်ရာ စုစုပေါင်း ကောင်ရေ ၅၅၉ ကောင် ရှိလာပြီဖြစ်သည်။ အလားတူ ဆာဖာရီဥယျာဉ် (နေပြည်တော်)တွင် ယခင်ကောင်ရေ ၁၈၃ ကောင်ရှိခဲ့ရာမှ ယခု ၃၆ ကောင် ထပ်မံရောက်ရှိလာပြီဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် ကောင်ရေ ၁၀၀၁ ကောင်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် ကောင်ရေ ၆၆၃ ကောင် ရှိလာမည်ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်များနှင့် ဆာဖာရီဥယျာဉ်တို့တွင် စုစုပေါင်းမျိုးစိတ် ၁၇၅ မျိုး၊ ကောင်ရေ ၂၅၄၂ ကောင်အထိ တိုးတက်မွေးမြူလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တွင် ယခင်က သစ်ကုလားအုတ်တစ်ကောင်တည်းသာရှိခဲ့ရာမှ ယခု အထီးအမ တစ်စုံထပ်မံရောက်ရှိလာမည်ဖြစ်ပြီး မျိုးစိတ်သစ်ဖြစ်သည့် ခြင်္သေ့ဖြူတစ်စုံကိုလည်း မကြာမီ မြင်တွေ့ရတော့မည်ဖြစ်သည်။

အလားတူ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) တွင် ခြင်္သေ့ဖြူများ၊ ဆာဖာရီဥယျာဉ်တွင် သမင်မျိုးစိတ်သစ်များဖြစ်သည့် နူးသမင်နှင့် ညာလာသမင်များကို အများပြည်သူတို့ မကြာမီ ကြည့်ရှုလေ့လာနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ ။

မျိုးစိတ်သစ်ဖြစ်သည့် နူးသမင်။

ညာလာသမင်များ ဘာသာဘာဝ အစာရှာနေကြစဉ်။

ပခုက္ကူမြို့ မြင်သာဈေးတန်းရပ် ကိုယ်ချင်းစာလမ်း (၁၄)ရပ်ကွက်နေ ဦးအောင်မင်း-ဒေါ်ကြည်ကြည်မော် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

ဆေးပညာသတင်းဆန်းများ (၁၈)

ဒေါက်တာ ကံညွန့်

ဒီအပတ် ဆေးပညာသတင်းဆန်းများ တင်ပြရာမှာ ဝမ်းသာစရာ မျက်စိရောဂါသတင်းတစ်ပုဒ်နှင့် စရအောင်ပါ။ ယခုအထိ ဘာကြောင့်ဖြစ်မှန်းမသိဘဲ ကုသရာမှာလည်း ထိရောက်တဲ့ ဆေးမရှိသေးတဲ့ သက်ကြီးရွယ်အိုတွေမှာ ဖြစ်တတ်တဲ့ ARMD လို့ခေါ်တဲ့ Age-Related Macular Degeneration သက်ကြီးမျက်စိမှုန်ရောဂါရဲ့ဖြစ်စဉ်ကို ဆေးသိပ္ပံပညာရှင်တွေက ရှာဖွေတွေ့ရှိပြီလို့ သိရပါတယ်။ ဒါကို တွေ့ရှိတာကတော့ အင်္ဂလန်နိုင်ငံက ဆေးပညာရှင်တွေဖြစ်ပြီး ဒီရောဂါဟာ သူတို့နိုင်ငံတစ်ခုထဲမှာ လူပေါင်း ငါးသိန်းကျော် ခံစားနေရတဲ့ ရောဂါဖြစ်တယ်လို့ သိရပါတယ်။

ဒီရောဂါဟာ မျက်စိရဲ့ အာရုံခံလွှာ (Retina) မှာရှိနေတဲ့ DICER ခေါ်တဲ့ Enzyme တစ်မျိုးရဲ့ အလုပ်လုပ်နိုင်စွမ်းမရှိတော့တာကြောင့် ဖြစ်ရတာလို့ သိရပါတယ်။

ဒီရောဂါဟာ အသက် ၅၀ ကျော်သူတွေမှာ လူ ၅၀ မှာတစ်ဦး အနည်းဆုံးခံစားနေရပြီး အသက် ၈၀ ကျော်တာနဲ့ လူငါးယောက်မှာ တစ်ယောက် ခံစားနေရတဲ့ရောဂါဖြစ်ပြီး ဒီရောဂါခံစားရရင် ဘာကိုမှ သဲသဲကွဲကွဲမမြင်နိုင်တော့ဘဲ အနီးကြည့်ခြင်း၊ စာဖတ်ခြင်း အလုပ်တွေကို မလုပ်နိုင်တော့တာဖြစ်ပါတယ်။ အမြင်အာရုံ လုံးဝဆုံးရှုံးသွားတာမဟုတ်ဘဲ ကိုယ်ကြည့်ချင်ရာကို မမြင်နိုင်ဖြစ်နေရတာကြောင့် ဒီရောဂါကို မမြင်မကန်းရောဂါလို့ တချို့က နာမည်ပေးထားကြပါတယ်။ အခုတော့ ယင်းရောဂါရဲ့ဖြစ်စဉ်ကို တိတိကျကျသိရပြီမို့ မကြာခင်မှာပဲ ထိရောက်တဲ့ ကုထုံးပေါ်လာနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သွေးထဲမှာရှိနေတဲ့ အဆီဓာတ်နဲ့ ပတ်သက်တဲ့ Cholestrol မဟုတ်တဲ့ အဆီဓာတ်အုပ်စုဝင် Triglyceride ဓာတ်ဟာလည်း နှလုံးရောဂါဖြစ်စေနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ အစကတော့ Cholestrol ကိုပဲ အများအားဖြင့် နှလုံးရောဂါဖြစ်စေနိုင်တယ်လို့ သိခဲ့ကြတာပါ။ ယခုလေ့လာချက်ပေါင်း ၁၀၁ ခုနှင့် လူပေါင်း သုံးသိန်းငါးသောင်းကျော် ကို အင်္ဂလန်နိုင်ငံ Cambridge University မှ သိပ္ပံပညာရှင်တွေက လေ့လာဖော်ထုတ်ခဲ့ ကြတာဖြစ်ပါတယ်။ ၎င်းတို့ဟာ သွေးထဲက Triglyceride ကို ထိန်းနိုင်တဲ့ Gene ကိုလည်း ရှာဖွေတွေ့ရှိထားပြီလို့ ဆိုပါတယ်။ အရင်တုန်းကတော့ စမ်းတဝါးဝါးသာ ရှိခဲ့ပေမယ့် အခုတွေ့ရှိချက်က ယင်းအဆီဓာတ်ဟာ နှလုံးရောဂါဖြစ်ပွားမှုကို ၁၈ ရာခိုင်နှုန်း တိုးပွားစေနိုင်တယ်ဆိုတာ အတိအကျ ပြောနိုင်ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ထူးခြားတဲ့ သတင်းကလည်း ခုခံအားကျဆင်းမှုရောဂါ (AIDS)နဲ့ပတ်သက်တဲ့ သတင်းကောင်းပါ။ ယခင် ဆေးပညာသတင်းများဖော်ပြရာမှာ တချို့ကိုယ်ခံအားကောင်းတဲ့လူတွေမှာ HIV ရောဂါပိုးဝင်နေပေမယ့်လည်း AIDS ရောဂါ မဖြစ်နိုင်ကြောင်း၊ ဖြစ်ရင်လည်း အလွန်ကြာပြီးမှဖြစ်ကြောင်း၊ ၎င်းကို လေ့လာနေခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလူတွေကို Elite Controler လို့ခေါ်ကြောင်း၊ အဲဒီလူတွေဟာ လူနည်းစုဖြစ်ပြီး လူ ၂၀၀ မှာ တစ်ဦးခန့်သာရှိကြောင်း၊ ယခုအဲဒီလူတွေ သေချာစွာ စမ်းသပ်ကြည့်လိုက်တဲ့အခါ အဲဒီလူတွေရဲ့သွေးထဲမှ ခုခံအားတိုးပွားနိုင်တဲ့ Hla B57 ဆိုတာတွေ့ရကြောင်း ဖော်ပြထားပါတယ်။ အဲဒီ Gene အမျိုးအစားဟာ ခုခံအားထုတ်ပေးနိုင်တဲ့ T Cell အမျိုးအစားထဲက အစွမ်းထက်တဲ့ Gene တစ်မျိုးဖြစ်ကြောင်း Harvard ဆေးတက္ကသိုလ်မှ ဆေးပညာရှင်တွေက ဖော်ပြထားကြပါတယ်။ ဒီ Cell က Immune System Cell တွေကို ဒိုင်ခံထုတ်ပေးနေတဲ့ Thymus Gland နှင့်ဆက်စပ်နေသလား လေ့လာနေကြပြီး မကြာခင် AIDS ရောဂါအတွက် အစွမ်းထက်တဲ့ Vaccine တစ်မျိုးကို ဖော်ထုတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရကြောင်း တင်ပြထားကြပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဝလွန်ရောဂါနှင့် ပတ်သက်ပြီး သတိပေးထုတ်ပြန်ထားတဲ့ သတင်းပါ။ အစကဆေးလိပ်သောက်ခြင်းနှင့် စက်မှုဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ အဖြစ်များတဲ့ အဆုတ်ကင်ဆာရောဂါကိုသာ သတိထားတိုက်ဖျက်ဖို့ နှိုးဆော်ခဲ့ပေမယ့် ယခုအခါမှာတော့ ကမ္ဘာတစ်လွှား အဝလွန်ရောဂါဟာ စိုးရိမ်စရာအခြေအနေဖြစ်နေပြီလို့ ဆိုပါတယ်။ လူတွေရဲ့ မဆင်မခြင် စားသောက်နေထိုင်မှု၊ ကိုယ်လက်လှုပ်ရှားခြင်းနည်းပါးမှုတို့ကြောင့် ဆယ်စုနှစ်အတွင်း အဝလွန်သူ နှစ်ဆခန့် တိုးလာခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ Union for International Cancer Control ဌာနမှ ဥက္ကဋ္ဌ Dr.Euardo Cazap က ထောက်ပြထားပါတယ်။ ၎င်းက အဝလွန်မှုကြောင့်ဖြစ်ရတဲ့ Fat Cancer လို့ အမည်ပေးထားတဲ့ ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာတို့ဟာ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဖြစ်အများဆုံး ကင်ဆာရောဂါတွေ ဖြစ်နေတယ်လို့ ထောက်ပြထားပါတယ်။ ဒါကြောင့် ဒီရောဂါတွေကို ကာကွယ်နိုင်ဖို့ အစားအသောက်ကို ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုကို တစ်ပတ်မှာ အနည်းဆုံးနှစ်နာရီ ပြုလုပ်ကြဖို့ တိုက်တွန်းထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ မှုခင်းဆေးပညာ (Forensic Medicine) နှင့် ဆိုင်ပါတယ်။ မကောင်းမှုကျူးလွန်ကြသူတွေက ဘယ်လိုပဲ ရုပ်ပြောင်းရုပ်လွှဲတွေလုပ်ပြီး ဆံပင်တွေကိုအရောင်ပြောင်းထားကြပေမယ့် ၎င်းတို့ရဲ့ DNA ကို စစ်ဆေးလိုက်တာနဲ့ မူလဆံပင်အရောင်ကို သိနိုင်ပြီဆိုတဲ့သတင်းပါ။ ယခင်ကတော့ အနီရောင်ဆံပင်တစ်မျိုးကိုသာ စမ်းသပ်နိုင်ခဲ့ပေမယ့် ယခုအခါမှာတော့ အရောင်အမျိုးမျိုးကို စမ်းသပ်နိုင်ပြီလို့ သိရပါတယ်။ ပြင်သစ်နိုင်ငံထုတ် European Journal of Human Genetic မှာ ဖော်ထားတဲ့ ဒီသတင်းမှာ စမ်းသပ်လိုသူရဲ့ ဆံပင်၊ သွေး၊ တံတွေး၊ သုက်ရည်နှင့် အရေပြားက Cell တွေရဲ့ DNA ကို စမ်းသပ်ရတာဖြစ်ပြီး Gene ၁၁ မျိုးရဲ့ DNA နဲ့ တိုက်ဆိုင်စမ်းရတာလို့ ဖော်ပြထားကြောင်း သိရပါတယ်ခင်ဗျာ။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ကလေးနှလုံးရောဂါခွဲစိတ်မှုမှာ ရင်ဘတ်ကိုဖွင့်ပြီး နှလုံးကိုခွဲထုတ်စရာမလိုဘဲ ပေါင်ကသွေးကြောမှ တစ်ဆင့်ခွဲစိတ်ပေးနိုင်ပြီဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းကတော့ အမေရိကန်နိုင်ငံ Portland မြို့က Orgon Health and Science University က ကလေးဆေးရုံမှာ ခွဲစိတ်ပေးခဲ့ကြတာဖြစ်ပြီး နှလုံးထဲမှာရှိတဲ့ Pulmonary Valve ကို အစားထိုးလဲလှယ်ပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒီအောင်မြင်မှုကြောင့် ကလေးရဲ့နှလုံးရောဂါနဲ့ ပတ်သက်တဲ့ ရောဂါအတော်များများကို ဒီလိုပဲ ပေါင်ရဲ့သွေးကြောကတစ်ဆင့် ကုသနိုင်မယ်လို့ မျှော်လင့်ရကြောင်း ၎င်းခွဲစိတ်မှုကို ဦးဆောင်ခဲ့သူ Dr.Laurie Armsby က ပြောကြားလိုက်တယ်လို့ သိရကြောင်းပါခင်ဗျာ။ နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အသားအရောင်လှချင်ကြတဲ့ အမျိုးသမီးတွေအတွက်ပါ။ အနောက်နိုင်ငံတွေမှာ အသားအရောင်လှစေဖို့ နေရောင်ခံပြီးလုပ်ကြတဲ့အတွက် မလိုအပ်ဘဲဆိုးကျိုးတွေဖြစ်တဲ့ အရေပြားကင်ဆာတို့၊ မျက်စိရောဂါတို့ ဖြစ်ပေါ်စေပါတယ်။

ယခု အင်္ဂလန်နိုင်ငံ Nottingham တက္ကသိုလ်က ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်အရ ယင်းသို့ အသားအရောင်လှချင်သူတွေဟာ နေရောင်ကို တကူးတကခံစရာမလိုတော့ဘဲ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်တွေကို များများစားသုံးပေးခြင်းဖြင့် အဝလွန်တဲ့ရောဂါကို ကာကွယ်နိုင်တဲ့အပြင် အသားအရောင်ကို လှပစေနိုင်ကြောင်း ၎င်းတို့ လေ့လာထားချက်ကို တင်ပြလိုက်ကြပါတယ်။ အရောင်ပါတဲ့ အသီးအနှံတွေဖြစ်တဲ့ မုန်လာဥ၊ ခရမ်းချဉ်သီး၊ ကန်စွန်းဥ၊ အာလူး၊ ရွှေဖရုံသီး စတဲ့ Carotenoid ဓာတ် များများပါတဲ့ အသီးအနှံတွေ နေ့စဉ်တစ်နေ့တစ်မျိုး စားသုံးပေးခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာရေးကောင်းမွန်လာတဲ့အပြင် ရွှေရောင်အဆင်းရှိတဲ့ အသားအရောင်ကိုရနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

ဒါ့အပြင် Australlia နိုင်ငံ Queensland ဆေးတက္ကသိုလ်မှ သုတေသီတို့လေ့လာချက်အရ Carotenoid များများပါတဲ့ ယင်းအသီးအနှံများဟာ အမှတ် (၂) ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါတို့ကိုလည်း ကာကွယ်နိုင်ကြောင်း ၎င်းတို့ရဲ့ လေ့လာချက်ကို ဖော်ပြထားပါတယ်။ အဲဒါအပြင် သူတို့လေ့လာချက်အရ လူပေါင်း ၆၁၇၇ ဦးကို စစ်ဆေးကြည့်တဲ့အခါ ယင်းကဲ့သို့ Carotenoid, Betacarotene, Lutain, Zeaxanthene ဓာတ်တွေပါဝင်တဲ့ အသီးအရွက်များများစားသုံးသူတို့ဟာ ကျောက်ကပ်ကင်ဆာရောဂါဖြစ်ခြင်းမှ ၂၆ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေမှာ Ovarian Cancer ဖြစ်ခြင်းမှ ကာကွယ်နိုင်ပြီး အမျိုးသားတွေမှာတော့ အဆုတ်ကင်ဆာရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်ကြောင်း တွေ့ရှိရတယ်ဆိုတာ သတင်းကောင်းအဖြစ်တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မန္တလေးမြို့ စည်ပင်သာယာရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် မဟာအောင်မြေမြို့နယ် (၃၅) လမ်း တောင်ဘက်ခြမ်း ရွှေတချောင်းမြောင်းတစ်လျှောက် ရေစီးဆင်းမှု၊ (၃၆)လမ်းနှင့် (၄၁)လမ်းအကြား ရွှေတချောင်းမြောင်း ရေတက်မှုကြောင့် အနိမ့်ပိုင်း ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူများ မြောင်းပေါ်တစ်လျှောက် သဲအိတ်ချခြင်း၊ တမံတုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် စနစ်တကျ ဆောင်ရွက်သွားကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ချမ်းမြသာစည်မြို့နယ် မန္တလေးကန်တော်ကြီး တောင်ဘက်ရှိ ကပ်ကျော်ရေထိန်းတံခါးမှ မြို့တော်အတွင်း ပိုလျှံရေများ စွန့်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်မှု၊ ပြည်ကြီးတံခွန်မြို့နယ် သာယာဝတီမင်းကြီးလမ်း တောင်ဘက်ခြမ်း ငွေတချောင်းမြောင်းတစ်လျှောက်ရေစီးဆင်းမှုနှင့် ကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်မှု၊ (၃၉)လမ်း တောင်ဘက်ခြမ်း မနော်ရမ္မမြောင်းတစ်လျှောက် ရေနုတ်မြောင်းများ ရေစီးဆင်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

သီဟမင်း/ ကြယ်စင်ဟိန်း ယာဉ်လိုင်းမိသားစု ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် သီဟမင်း/ကြယ်စင်ဟိန်း ယာဉ်လိုင်း မိသားစုမှ ပထမအကြိမ် ယာဉ်မောင်း၊ ယာဉ်လိုက်၊ ဂိတ်စာရေး ဝန်ထမ်းများ၏ သား၊ သမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ကြီးကြပ်မှုကော်မတီ အစည်းအဝေးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းလှိုင်နှင့် ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ်တို့က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ကြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ကိုးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းစီ၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းစီ၊ မူကြိုကျောင်းသား၊ ကျောင်းသူ နှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဖောင်းတော ကျေးရွာ အထက်တန်းကျောင်းနှင့် မူလတန်းကျောင်း ငါးကျောင်းအတွက် လှူဒါန်းငွေကျပ် သုံးသိန်းငါးသောင်း၊ ရေဖြူမြို့ ဖောင်းတော မူကြိုကျောင်းအတွက် လှူဒါန်းငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ထားဝယ်အသင်း (မော်လမြိုင်) နာယက ဦးကြည်ဝင်းက ပညာသင်ထောက်ပံ့ကြေး ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ သီဟမင်း/ကြယ်စင်ဟိန်းယာဉ်လိုင်း ဥက္ကဋ္ဌ ဦးစိန်မြင့်က လက်ခံသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူ ၅၂ ဦးနှင့် ကျောင်း ခုနစ်ကျောင်းအတွက် စုစုပေါင်း လှူဒါန်းငွေကျပ် ၂၈ သိန်း ထောက်ပံ့ခဲ့သည်။ (သတင်းစဉ်)



ခင်မောင်မြင့် စစ်ကိုင်း၏ ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်စာအုပ် ထွက်ရှိ

ခင်မောင်မြင့် စစ်ကိုင်း ပြုစုတင်ပြသည့် "ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ ယင်းစာအုပ်တွင် မဏ္ဍိုင်ကြီး လေးခုအကြောင်း၊ စတုတ္ထမဏ္ဍိုင်သမိုင်း၊ စတုတ္ထမဏ္ဍိုင်နှင့် မဏ္ဍိုင်ကြီးသုံးခု ဆက်နွယ်မှု၊ ဒီမိုကရေစီနှင့် စတုတ္ထမဏ္ဍိုင်၊ ၂၀ ရာစုအတွင်း စတုတ္ထမဏ္ဍိုင် ဂယက်များ၊ လွတ်လပ်ပြီး တာဝန်သိသော စတုတ္ထမဏ္ဍိုင်ဖြစ်ရေး၊ ယနေ့မီဒီယာများ စသည်ဖြင့် အခန်းပေါင်း ၁၁ ခန်း ပါဝင်သည်။

အဆိုပါစာအုပ်ကို ခရမ်းစိုးမြင့်က စီစဉ်တည်းဖြတ်ပြီး စွယ်တော်ပုံနှိပ်တိုက် (မြ-၀၇၀၅၃)က ရိုက်နှိပ်၍ မြန်မာမြင့် စာပေကထုတ်ဝေကာ တစ်နိုင်ငံလုံးသို့ နှင်းဆီလှိုင်စာပေ ဖုန်း-၀၁-၅၈၁၆၆၃၊ ၀၉-၅၀၆၆၄၉၀ နှင့် ၀၉-၄၉၂၄၀၂၁၈ တို့က ဖြန့်ချိလိုက်သည်။

ဓမ္မဝိဝေက (သို့မဟုတ်) တရားအားထုတ်သူတစ်ယောက်အကြောင်း ထုတ်ဝေဖြန့်ချိ

အရှင်ဓမ္မပီယ(မြောင်)၏ သောစေယျံစာစဉ်(၁၁)အဖြစ် "ဓမ္မဝိဝေက"(သို့မဟုတ်) တရားအားထုတ်သူ တစ်ယောက်အကြောင်းစာအုပ် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် အခန်း ၁၂ ခန်း ရေးသားပါဝင်ပြီး စိတ်ဝင်စားဖွယ်များ အခန်းစဉ်အလိုက် ဖတ်စရာ၊ မှတ်စရာ၊ သံဝေဂရစဖွယ်များဖြင့် ပြည့်စုံနေသည်ကို တွေ့ရသည်။ အင်တာနက်ပေါ်က သုသာန်အတွေ့အကြုံ၊ နဝဓူတဂီစာရ ဆရာတော်၏ ကိုယ်တွေ့ သုသာန်ဓူတင်တို့ဖြင့် စိတ်ဝင်စားဖွယ်ကဏ္ဍများနှင့် စတင်၍ သောသနိက ဓူတင်ဆောင်ပုံကို ရဟန်းနှင့် အသုဘ၊ အသုဘဘာဝနာပွားများ အားထုတ်နည်း၊ ရာဂစရိုက်ရှိသူများအတွက် သင့်တော်သော ကမ္မဋ္ဌာန်း၊ သာယာလှပ အသုဘ ရှုဖွယ်၊ အသုဘ အကယ်ဒမီ စသည့် ကိုယ်တိုင် အတွေ့အကြုံများနှင့် ရေးသားဖော်ပြထားသည်ကို တွေ့ရပြီး မှာယူလိုပါက နေလစာပေ ဖုန်း-၇၀၃၈၂၃ နှင့် ဖူဂျီယာမစာပေ ဖုန်း-၇၂၀၃၇၅ တို့သို့ ဆက်သွယ်မှာကြားနိုင်သည်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၆) ထွက်ပြီ

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၆)ကို ဩဂုတ် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

ဇေယျာပဒေသာဖောင်ဒေးရှင်း၏ မိုးစပါး စိုက်ပျိုးစရိတ်ပေးအပ်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ချောင်းဦးမြို့နယ် ထူးနီကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းသို့ မိုးစပါး စိုက်ပျိုးစရိတ်များပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ရီက စိုက်ပျိုးစရိတ် ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်မောင်းက ထူးနီကျေးရွာအုပ်စုရှိ ကျေးရွာများမှ တောင်သူများအတွက် စိုက်ပျိုးစရိတ် ငွေကျပ် ၇၆ သိန်းကို ထူးနီကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်း ဥက္ကဋ္ဌထံ ပေးအပ်သည်။

အလားတူ ဇေယျာပဒေသာဖောင်ဒေးရှင်းသည် ဩဂုတ် ၁၆ ရက်တွင် မုံရွာမြို့နယ် သာစည်ကျေးရွာအုပ်စု လယ်ယာ ကုန်ထုတ်အသင်းသို့လည်း သာစည်ကျေးရွာအုပ်စုမှ တောင်သူများအတွက် စိုက်ပျိုးစရိတ် ငွေကျပ် ၈၃၅၀၀၀၀ ကို ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အားပေးခဲ့ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မုံရွာမြို့ တိုင်းရင်းဆေးရုံ၌ အမျိုးသား၊ အမျိုးသမီး တိုးချဲ့ လူနာဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ပင်စင်ဦးစီးဌာနသို့ ရောက်ရှိရာ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်သိန်းက တိုးမြှင့်ပင်စင်များ နေ့စဉ်ဆောင်ရွက်ပေးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တိုင်းဒေသကြီး ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ချောင်းဦးမြို့နယ် ထူးနီကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းသို့ မိုးစပါးစိုက်ပျိုးစရိတ်များ ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဩဂုတ် ၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်း လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ကာလိုင်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဤသို့ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

(ကြေးမုံ)

ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေအား အီတလီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေအား အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဦးမျိုးအေးအား အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမျိုးအေးအား အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကျောက်တန်းမြို့ ဘန့်ဘွေးကုန်းဆည်၌ တည်ဆောက်မည့် ရေစက်ရုံကို ပန္နက်တင်ပေးစဉ်။

(သတင်းစဉ်)

သန်လျင်နှင့် ကျောက်တန်းမြို့နယ် စည်ပင်လုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် သန်လျင်မြို့ မြို့ဟောင်း အလယ်ရပ်ကွက်ရှိ ဗိုလ်ချုပ်နေဝင်းလမ်း ယာဉ်သွားလာလွယ်ကူချောမွေ့စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းသား တိုးချဲ့ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်တန်းမြို့ ဘန့်ဘွေးကုန်းဆည်၌ ကျင်းပသော ဘန့်ဘွေးကုန်းဆည်မှ ဆင်ကန်သို့ သောက်သုံးရေဖြည့်တင်းပေးရေး၊ ရေစက်ရုံ ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်ပေးသည်။

အဆိုပါ ရေစက်ရုံသည် အလျား ၁၅ ပေနှင့် အနံ ၁၀ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဘန့်ဘွေးကုန်းဆည်မှရေကို ဆင်ကန်သို့ တစ်ရက်လျှင် ရေဂါလန် နှစ်သိန်းကျော် တွန်းပို့ဖြည့်တင်းပေးသွားမည် ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးသည် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံခဲ့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာ့ရှုခင်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၂။ အဖွင့်သီချင်း
- ၄:၀၅ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၀ ၄။ မဟာဂီတချိုကြည်မြ
- ၄:၂၀ ၅။ မြန်မာစာ မြန်မာစကား (အပိုင်း-၁၀)
- ၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၈။ အိုင်စီတီသုတ
- ၅:၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၂၄)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၃။ "ရွာ"ဟာသဇာတ်လမ်းတွဲ -ဆတ္တာ (ချစ်ဖွယ်၊ ငွေမိုးနှင့် သရုပ်ဆောင်များ) (အပိုင်း-၁၁၁)
- ၆:၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၅၃)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ စိုက်ပျိုးသုတ
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၃၂)**
- ၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်

စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

ထိုင်းနိုင်ငံတက္ကသိုလ်မှ ဖွင့်လှစ်သည့် Master of Business Administration (MBA) သင်တန်းကို ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းကို ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ပထမအသုတ် (1st Batch)နှင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအသုတ် (2nd Batch)ကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တတိယအသုတ် (3rd Batch) ကို ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

လျှောက်ထား လိုသူများနှင့် အသေးစိတ်သိလိုပါက Myanmar Professional Development Centre (MPDC) အဆောင်(၄) အခန်း(၁) Myanmar Info-Tech တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၅၀၂၃၀၉၀နှင့် ၀၉-၅၀၂၈၄၈၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(ကြေးမုံ)

နိုင်ငံတကာဂီတ အနုပညာရပ်ဝန်း

American Idol သီချင်းဆိုပြိုင်ပွဲသို့ ဂျနီဖာလိုပက်ဇ် ပြန်လာပြီ

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ကမ္ဘာကျော်အဆိုတော် မင်းသမီး ဂျနီဖာလိုပက်ဇ်သည် American Idol သီချင်းဆိုပြိုင်ပွဲ အစီအစဉ်သို့ အကဲဖြတ်ဒိုင်လူကြီးအဖြစ် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

ဂျနီဖာလိုပက်ဇ်နှင့်အတူ စတီဗင်တေလာ၊ ရန်ဒီဂျက်ဆင်တို့နှစ်ဦးသည်လည်း ပြန်လည်ပါဝင်ရန် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ၂၀၁၂ American Idol သီချင်းဆိုပြိုင်ပွဲအစီအစဉ်သို့ ၎င်းတို့သုံးဦး ပြန်လည်ပါဝင်လာခြင်းသည် လွန်ခဲ့သည့်နှစ်က အစီအစဉ်တွင် ကြီးမားသည့် အောင်မြင်မှုရရှိခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိလာမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ ပြန်လည် ပါဝင်လာသည့်အတွက် အားလုံးက ဝမ်းသာနေကြောင်း ပြိုင်ပွဲစီစဉ်ကျင်းပသူ ဆိုင်မွန်းဖူလာက ပြောကြားသည်။

American Idol သီချင်းဆိုပြိုင်ပွဲ အစီအစဉ်နှင့် မင်းသမီးဂျနီဖာလိုပက်ဇ်တို့၏ ဆက်နွယ်ပတ်သက်မှုမှာ အပြန်အလှန် အကျိုးသက်ရောက်မှုများရှိနေပြီး အကဲဖြတ်ဒိုင်လူကြီးအဖွဲ့တွင် ဂျနီဖာလိုပက်ဇ်က ပြိုင်ပွဲနှင့် ပတ်သက်၍ လူကြိုက်များသည့် အစီအစဉ်သစ်များကိုလည်း ခဏခဏ အကြံပေးတင်ပြတတ်သူ ဖြစ်သကဲ့သို့ ယင်းပြိုင်ပွဲတွင် ပါဝင်ခြင်းကြောင့် ၎င်း၏ တေးအယ်လ်ဘမ်များသည်လည်း ရောင်းအားမြင့်တက်ခဲ့ရသည်။

American Idol သီချင်းဆိုပြိုင်ပွဲ၏ ရာသီသစ်ကို ဇန်နဝါရီ ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

အင်တာနက်။

အေဝမ်းစိုး

ဟစ်ပ်ဟော့ပ် ဘုရင်အဖြစ် အမ်မီနမ်ရွေးချယ်ခံရ

နာမည်ကျော်လူကြိုက်အများဆုံး ဟစ်ပ်ဟော့ပ်အဆိုတော် ဟစ်ဟော့ပ်ဘုရင်ဆုကို Rolling Stone မဂ္ဂဇင်းက ရွေးချယ်ခဲ့ရာ အဆိုတော် အမ်မီနမ်**(ဝဲပုံ)**က ရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ဟစ်ပ်ဟော့ပ်ဘုရင်ဆုကို နာမည်ကြီးဟစ်ပ်ဟော့ပ် အဆိုတော် ၂၀ ၏ တေးအယ်လ်ဘမ်များ ရောင်းချရမှု၊ ရေဒီယိုမှတေးသီချင်းထုတ်လွှင့်မှု၊ လူမှုရေးဝက်ဘ်ဆိုက်များဖြစ်သည့် You Tube, Facebook, Twitter တို့မှ ပရိသတ်များ ကြည့်ရှုအားပေးမှုနှင့် တေးဂီတဆုရရှိမှုများအပေါ် မူတည်၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ရွေးချယ်ရာတွင် အမ်မီနမ်က အမှတ်ပေါင်း ၁၁၆၉ မှတ်ဖြင့် နံပါတ်တစ်နေရာတွင်ရပ်တည်နေပြီး ဒုတိယနေရာတွင် လီလ်ဝိန်းက ၁၁၃၄ မှတ်၊ တတိယနေရာတွင် ဒရိတ်က အမှတ်ပေါင်း ၁၀၂၀၊ စတုတ္ထနေရာတွင် ကာညေးဝက်စ်က ၇၈၄ မှတ်နှင့် ပဥ္စမနေရာတွင် ဂျေး-ဇက်က ၆၆၆ မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

အင်တာနက်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း မဒေါက်မြို့နှင့် ရွှေကျင်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် ငွေများလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်ရှိ ရေကြီးနစ်မြုပ်ခဲ့ပြီး ရေကျပြန်ပေါ်လာသော လယ်မြေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ထိခိုက်ဆုံးရှုံးမှုရှိသော လယ်မြေများ၌ လှူဒါန်းထားသော မျိုးစပါးများဖြင့် အစားထိုး အမြန်ပြန်လည်စိုက်ပျိုးကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တိုင် ၁၀၀ ဘုန်းတော်ကြီးကျောင်း၌ကျင်းပသော ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ရေများပြန်ကျပြီဖြစ်၍ မိမိတို့အိမ်များတွင် သန့်ရှင်းရေးပြုလုပ်ကြရန်၊ ကျန်းမာရေးကို အထူးဂရုပြုကြရန်၊ မိမိယာယီနေထိုင်သွားသော နေရာဒေသများတွင် သန့်ရှင်းရေး ပြန်လည်ပြုလုပ်ပေးသွားရန်၊ မိမိနေရာဒေသအတွင်းရှိ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ဆောင်ရွက်သွားကြရန် တို့ကို မှာကြားပြီး ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူးထံ မဒေါက်မြို့ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၁၈ စု၊ လူဦးရေ ၆၇၂ ဦးအတွက် ဆန်အိတ် ၄၈ အိတ်၊ ဆီ ၂၂ ပိဿာ၊ ကြက်သွန်နီ ပိဿာ ၅၀၊ ကုလားပဲ ပိဿာ ၅၀၊ စောင်ကိုးထည်၊ ကျား/မ လုံချည် အထည် ၁၈၀၊ ဒန်အိုးအလုံး ၉၀၊ ဇလုံ အလုံး ၉၀၊ မျက်နှာသုတ်ပဝါ အထည် ၉၀ နှင့် ငွေကျပ် ၁၁၈၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေကျင်မြို့ရှိ ရွှေတောင်ဦးငါးထပ်ကြီးဘုရားတန်ဆောင်း၌ ကျင်းပသော ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်ပြီး ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူးထံ ရွှေကျင်မြို့နယ် အိမ်ထောင်စု ၂၀၄ စု၊ လူဦးရေ ၁၅၉၅ ဦး အတွက် ဆန် ၁၁၇ အိတ်၊ ဆီ ၇၆ ပိဿာ၊ ကြက်သွန် ၁၅၂ ပိဿာ၊ ကုလားပဲ ၁၅၂ ပိဿာ၊ စောင် ၂၀၄ ထည်၊ လုံချည် ၂၀၄ ထည်၊ ဒန်အိုး ၂၀၄ လုံး၊ မျက်နှာသုတ်ပဝါ ၂၀၄ ထည်နှင့် ငွေကျပ် ၂၀၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း ရွှေကျင်မြို့ ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရမ်းဗြဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီတွင် ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုအရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ မြို့မီးလင်းရေး၊ မြို့ရေးပေးဝေရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရမ်းဗြဲမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားကာ ဆေးဝါးကုသစရိတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ရမ်းဗြဲမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ပေ ၃၀ × ပေ ၁၇၀ ရှိ RC နှစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် မအီ-ရန်ကုန် ကားလမ်းပိုင်းရှိ ပိန္နဲတောင်လမ်း စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မအီမြို့နယ်ခွဲဆေးရုံ၌ ခွဲစိတ်ခန်း၊ နေရောင်ခြည် လျှပ်စစ်စွမ်းအင်ဖြင့် အသုံးပြုသည့် ဆေးသိုလှောင်ခန်း၊ ဆေးဝါးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြား၍ ဆေးဝါးကုသစရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် မအီမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လမ်း၊ တံတားများ အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် တောင်ကုတ်မြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရေနစ်မြုပ်ပျက်စီးသော လယ်ဧကများအတွက် တောင်သူများသို့ မျိုးစပါးဖိုးထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် Gunkul Engineering Systems & Fresh Air Conditioning Systems ကုမ္ပဏီမှ သုခမ္မမဏိဇောတရေ ဦးဇေယျသူရမွန်နှင့် ဇနီး ဒေါ်ခိုင်ခိုင်မြင့်တို့က ရေဘေးဒုက္ခသည်များအတွက် လှူဒါန်းသည့် ပုဆိုးအထည် ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ဂွတာရပ်ကွက်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် စာသင်ကျောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အဖွဲ့ဝင်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ယာဉ်သုံးစီး တိုက်မှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် (၄၂/၂) အနီး လမ်းလယ်ကျွန်းအမှတ်(၁၀၀)၌ ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရန်ကုန်ဘက်မှ ပဲခူးဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် (န/၆၅၄)ညောင်လေးပင်-ရန်ကုန်ကားနှင့် သနပ်ပင်- ရန်ကုန် (ည/၆၅၄၁) ခရီးသည်တင်ယာဉ်တို့က လမ်းလယ်ကျွန်း အမှတ်(၁၀၀) ဘက်သို့ ဖြတ်ကွေ့သော (၆က/၆၆၇၆) Nissan ဒီဇယ် ၁၂ ဘီးကားကြီးနှင့် ယာဉ်သုံးစီး ဆင့်တိုက်မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက ပဲခူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ယာဉ်မောင်းများ ထွက်ပြေးတိမ်းရှောင်ခဲ့သဖြင့် သက်ဆိုင်ရာ ပဲခူးမြို့ အင်းတကော်ရဲစခန်းက(ပ)၉၀/၂၀၁၁၊ ပုဒ်မ ၃၃၇/၃၃၈/၂၀၂ ဖြင့် အမှုဖွင့်ကာ ဖမ်းဆီးတရားစွဲတင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(၅၈၇)

ဘဏ္ဍာကုန်း ကျေးရွာ၌ မော်တော်ယာဉ်သုံးစီး ဆင့်တိုက်မှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

ညစ်ညမ်းဗီဒီယိုခွေများ ဖမ်းမိ

မိတ္ထီလာ ဩဂုတ် ၁၈

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းသန်း၏ ကြီးကြပ်ကွပ်ကဲမှု မိတ္ထီလာခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ကြည်ရှိန်၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များသည် အသိသက်သေတို့နှင့်အတူ ဩဂုတ် ၉ ရက်က မိတ္ထီလာမြို့ မင်းရပ်ရှိ မိတ်ဆက်သစ် ဗွီစီဒီ၊ စီဒီ၊ ဒီဗွီဒီ အခွေအရောင်းဆိုင်အား ဝင်ရောက်ရှာဖွေရာ ညစ်ညမ်းဗီဒီယိုခွေ ၄၄ ချပ်အား ရှာဖွေဖမ်းဆီးရမိခဲ့သည်။ မိတ်ဆက်သစ် အခွေဆိုင်ပိုင်ရှင်မှာ ပြည်သာယာမြောက် (၆)လမ်းနေ စန်းနိုင်(၄၁)နှစ်ဖြစ်ပြီး ဆိုင်ပိုင်ရှင်စန်းနိုင်နှင့် အရောင်းစာရေး နှစ်ဦးတို့အား အမှတ်(၁) ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၁၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၈-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဠာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "တရားသည်သာ အားကိုးရာ" တရားတော် (ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ)
- ၆:၃၅ ဖူးမည်အမှန်. . . ထူးမည်ကေန် . . . မာရ်ငါးမာရ်
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၀)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၂)**
- ၈:၅၀ နှစ်ပေါင်းရာကျော် တည်တံ့နေသော မလွန်ဈေးဆန်အလှူတော်
- ၉:၁၀ မြန်မာနိုင်ငံ၏တစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ
- ၉:၂၅ Activities In The City
- ၉:၄၅ Movie Talk (ကြွေလွင့်ကြယ်ပွင့်များ) (အပိုင်း-၇) (ဒါရိုက်တာကြည်စိုးထွန်း)
- ၁၀:၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀:၃၅ ဖက်ရှင်လမ်းညွှန်
- ၁၁:၀၅ Before & after
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁၂:၃၀ UMFCCI နှင့် MIEGA တို့ ပူးပေါင်းကျင်းပသည့် စီးပွားရေး ပညာရပ်ဆိုင်ရာဟောပြောပွဲ
- ၁:၀၀ "တရားသည်သာ အားကိုးရာ" တရားတော် (ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ)
- ၁:၄၅ အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နှီးဘုရား
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၀)**
- ၄:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၂)**
- ၅:၁၀ Activities In The City
- ၅:၃၀ Activities In The City
- ၅:၄၅ ဆံကေသာ ဖန်တီးသူနှင့် တွေ့ဆုံစဉ်ခဏ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ မြိုင်ပရဟိတ သီလရှင်စာသင်တိုက်မှ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ
- ၆:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၁)**
- ၇:၂၀ The Champion of Dance
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Korea City of Seoul is ... Fashion
- ၉:၂၀ အနုပညာမိုးကောင်းကင်
- ၉:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၃)**
- ၁၀:၄၀ VJ Choice
- ၁၁:၀၅ ရသစုံလင်စိမ်းလဲ့တင်ရဲ့ ပျိုးဥယျာဉ်
- ၁၁:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း)
- ၁၂:၀၀ World of Knowledge
- ၁၂:၅၀ မူဟန်ကိုယ်စီတေးကိုသီ
- ၁:၀၅ စွဲမက်ဖွယ်ရာရတနာ
- ၁:၃၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
- ၁:၅၀ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
- ၂:၁၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
- ၂:၂၀ ဖန်တီးသူတို့ကမ္ဘာ
- ၂:၃၅ နွေးထွေးသော မေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
- ၂:၅၅ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၃:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
- ၄:၁၅ စိတ်ချယုံကြည် Global Wave Technology
- ၄:၂၅ သာသနာတော်ထွန်းကား အလှူတရားဖြာဝေ ထားဝယ်မြေ
- ၄:၅၀ သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ
- ၅:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ဓာတ်အားပေးစက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရန် အမြဲစစ်ဆေးပြုပြင်သွားရေး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်မြို့တော် ဓာတ်အားပေးအဖွဲ့အား မှာကြား

နေပြည်တော် ဩဂုတ် ၁၈

စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးစေရေး၊ လုပ်ငန်းခွင်သို့ ပစ္စည်းများ မှန်မှန်ကန်ကန်ဖြင့် အလျင်အမြန်ရောက်ရှိရေး၊ ယူနစ် Losses ကျဆင်းရေး၊ ဓာတ်အားပေးစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အမြဲစစ်ဆေးပြုပြင်သွားရေး၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်မှုရှိရေး၊ ဝန်ထမ်းများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စည်းစည်းလုံးလုံးဖြင့် စနစ်တကျနေထိုင်ရေး၊ ပြည်သူကို အလုပ်ကျွေးပြုရသည့် ဝန်ထမ်းများပီပီ ပြည်သူ့ဆန္ဒသဘောထားကို အလေးထားကာ အဂတိတရားလိုက်စားမှု လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး မိမိလုပ်ငန်းတာဝန်ကို တိကျမှန်ကန်ကောင်းမွန်စွာ အလေးအနက်ထားဆောင်ရွက်ရေးတို့ကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ စက်ရုံမှူးများ၊ ဓာတ်အားခွဲရုံမှူးများနှင့်တွေ့ဆုံစဉ် မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး အစည်းဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (ပျဉ်းမနား)တွင် ၂ ဒသမ ၁၃ လက်မ၊ နေပြည်တော် (လေဆိပ်)တွင် ၁ ဒသမ ၄၂ လက်မ၊ ပူတာအိုမြို့တွင် ၇ ဒသမ ၃၇ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ချောင်းဆုံမြို့နှင့် ဘော်လခဲမြို့တို့တွင် ၂ ဒသမ ၁၇ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး သမဝါယမနည်းလမ်းဖြင့် အကောင်အထည်ဖော်နေမှု ဒုတိယဝန်ကြီး ဦးသန်းထွန်း ကွင်းဆင်းစည်းရုံးဆောင်ရွက်

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ကျေးရွာများ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် သမဝါယမနည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးစဉ်။(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၈

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း ဦးဆောင်သည့် သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့များသည် ဩဂုတ် ၁၇ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ကျေးရွာများသို့ သွားရောက်၍ အနေးယာဉ်မောင်းသူများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအား အစုအဖွဲ့များစုဖွဲ့၍ သမဝါယမဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဈေးသမဝါယမအသင်း၏ လုပ်ထုံးလုပ်နည်း၊ ငွေထုတ်ချေးမည့် အစီအစဉ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သမဝါယမနည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများကို ကျေးရွာအုပ်စုတစ်ခုချင်းစီအလိုက် ကွင်းဆင်းစည်းရုံးဆွေးနွေးသည်။

သမဝါယမဝန်ကြီးဌာနသည် သမဝါယမဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး နိုင်ငံတစ်ဝန်း သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်များသို့ ကွင်းဆင်းသွားရောက်ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေး

အဖွဲ့(၁)မှ တာဝန်ရှိသူများသည် အောင်ဇေယျ၊ ကျည်တောင်၊ စည်ပင်ကြီး၊ သာယာကုန်း၊ ကျောက်ချက်တို့တွင် နေထိုင်သည့်ကျေးလက်နေပြည်သူများအား လည်းကောင်း၊ အဖွဲ့(၂)မှ တာဝန်ရှိသူများသည် သာစည်၊ ရေဆင်း၊ မအူတော၊ ကျွန်းရောင်း၊ သစ်တပ်တို့တွင် နေထိုင်သည့် ကျေးလက်နေ ပြည်သူများအား လည်းကောင်း၊ အဖွဲ့(၃)မှ တာဝန်ရှိသူများသည် ပြည်စံအောင်၊ နန်းဩ၊ ခေတ်အေးတို့တွင် နေထိုင်သည့် ကျေးလက်နေပြည်သူများအားလည်းကောင်း၊ အဖွဲ့(၄)မှ တာဝန်ရှိသူများသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ ရပ်ကွက်၊ ပင်လယ်ပြာ(ဘူးကွဲ)၊ နေပြည်တော် လယ်ဝေးမြို့နယ် မြို့မ ၄ ဈေးကြီးရှိ ဒေသခံပြည်သူများအား လည်းကောင်း အဖွဲ့များခွဲကာ သွားရောက်တွေ့ဆုံ၍ သမဝါယမသဘောတရားနှင့် သမဝါယမဝန်ကြီးဌာန၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပြီး ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၁၈

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အလက(၂) ပြည်စံအောင်ကျောင်း၌ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီထိ ကျောင်းသား၊ ကျောင်းသူ ၁၀၀ အား နေပြည်တော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်ထွန်းက မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းများကိုလည်းကောင်း၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ(၂) ရဲအုပ်ခင်မောင်ရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း သိကောင်းစရာများ၊ ယာဉ်တိုက်မှုဖြစ်စဉ် သာဓကများ၊ ယာဉ်တိုက်မှု အမှား/အမှန်များ၊ ယာဉ်စည်းကမ်း ပညာပေးဇာတ်လမ်းတိုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**(ကြေးမုံ)

မြေတိုင်းပစ္စည်းနည်းပညာပြပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ပြောင်းလဲလာသော ခေတ်နှင့်အညီ ယနေ့ခေတ်လူငယ်များ မြေတိုင်းပစ္စည်းနှင့်ပတ်သက်၍ လေ့လာနိုင်ရန်အတွက် နည်းပညာမြင့် ဆွစ်ဇာလန်နိုင်ငံထုတ် မြေတိုင်းပစ္စည်း နည်းပညာပြပွဲကို ဩဂုတ် ၁၆ ရက်တွင် Amigos Int'l Co.,Ltd. Show Room ၌ ကျင်းပသည်။**(ယာပုံ)**

ရှင်းလင်းပြသ

အဆိုပါ နည်းပညာပြပွဲတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ တံတားရေလယ်တိုင်များ၊ မျှော်စင်ထိပ်ဖျားများ၊ ဓာတ်အားပေးတိုင်များ၊ မတ်စောက်လှသော ထုံးကျောက်တောင်များနှင့် စေတီများကို တိုင်းတာနိုင်သော လမ်းတံတားဖောက်လုပ်ခြင်းနှင့် ဆောက်လုပ်ရေးမြေတိုင်းတာမှုလုပ်ငန်း လမ်းဖောက်ခြင်းနှင့် အတွင်းပိုင်း အချောသတ်လုပ်ငန်းတွင် အသုံးပြုနိုင်သော မြေတိုင်းပစ္စည်းများနှင့် ပတ်သက်၍ ကုမ္ပဏီမှ ကျွမ်းကျင်ဝန်ထမ်းများက လက်တွေ့ရှင်းလင်းပြသခဲ့သည်။

အသေးစိတ်သိရှိလိုပါက Amigos Int'l Co.,Ltd. အမှတ် (၁၀၂) SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉-၅၀၂၅၉၇၂၊ ၀၉-၇၃၀၈၇၇၀၉၊ ၀၉-၄၉၂၂၅၉၈၄၊ Fax-၅၆၄၅၂၀၊ Website: www. amigo-myanmar.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ငါးရစ်ငါးသန် ဘေးမဲ့ချမ်း
ပုံမှန်စားသုံး မျိုးမသုဉ်း

မန္တလေး၌ မိုးကြိုးပစ်မှု သုံးနေရာဖြစ်ပွား၊ သုံးဦးထိမှန်သေဆုံး

မန္တလေး ဩဂုတ် ၁၈

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ဩဂုတ် ၁ ရက်က နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းခဲ့ပြီး မန္တလေးတောင်အပါအဝင် နေရာသုံးနေရာ၌ မိုးကြိုးထိမှန်မှုများ ဖြစ်ပွားခဲ့ရာ မိသားစုသုံးဦး သေဆုံးခဲ့သည်။

အဆိုပါ မိုးကြိုးထိမှန်မှုဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မိုးရွာနေစဉ် ပုသိမ်ကြီးမြို့နယ် သံမှိုကျွန်းရွာအရှေ့ဘက် ဧရာဝတီမြစ်ကမ်း သဲသောင်ပြင်တွင် တဲထိုးနေထိုင်၍ တံငါလုပ်ငန်း လုပ်ကိုင်သူ မြင်းခြံမြို့နယ် ဆီမီးခုံရွာမှ ဦးမောင်စိန်(၄၈)နှစ်၊ ဇနီး ဒေါ်ရှပ်တေး(၄၇)နှစ်၊ သမီး အိအိဖြူ (၁၅)နှစ်တို့သည် မိုးကြိုးထိမှန်သေဆုံးခဲ့ရသည်။

အလားတူ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်သို့သွားသော လမ်းပေါ်ရှိ ရေကြည်ရွာတွင်လည်း ဩဂုတ် ၁ ရက် ညနေ ၅ နာရီခွဲက မိုးရွာနေစဉ် ရွာမြောက်ဘက်နေ ဦးမြင့်ဦး-ဒေါ်နှင်းနှင်းဦးတို့၏ နေအိမ်ဝင်းအတွင်းရှိ မန်ကျည်းပင်အား မိုးကြိုးထိမှန်ခဲ့ရာ မန်ကျီးပင်တွင် ချည်ထားသော ခိုင်းနွားနှစ်ကောင် နေရာတွင်ပင်သေဆုံးခဲ့သည်။

ထို့ပြင် မန္တလေးတောင် အတက်လမ်းရှိ ဓာတ်တိုင်အား မိုးကြိုးထိမှန်ခဲ့ရာ မန္တလေးတောင်ပေါ်ရှိ လျှပ်စစ်ဓာတ်လှေကားအပါအဝင် လျှပ်စစ်ဓာတ်အား အသုံးပြုရာနေရာများသို့ လျှပ်စစ်စီးဝင်ပျက်စီးမှုများရှိခဲ့သည်။

ယခုအချိန်ကာလတွင် မြန်မာနိုင်ငံနေရာအနှံ့၌ မိုးကြိုးပစ်မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိရာ မိုးရွာချိန်တွင် လွင်တီးခေါင်၊ လယ်ကွင်း၊ သဲသောင်ပြင်များ၌ နေထိုင်ခြင်း မပြုသင့်ကြောင်း၊ အထပ်မြင့် အဆောက်အအုံများ၌ မိုးကြိုးလွှဲများ တပ်ဆင်ထားသင့်ကြောင်း မိုးလေဝသပညာရှင်များက သုံးသပ်ပြောကြားထားသည်။ (၆၅၃)

ပညာဂုဏ်ရောင် အလင်းဆောင်

အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

ဖောင်းပြင် ဩဂုတ် ၁၈

ဖောင်းပြင်မြို့နယ် စန္ဒားကျေးရွာအုပ်စု စန္ဒားကျေးရွာ(မြင်းစီးကုန်း) အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးဇေယျာဝင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ကြိုင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေက အလင်းရောင်စာကြည့်တိုက် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးက စာကြည့်တိုက်အတွက် အလှူငွေကျပ်ငါးသောင်းနှင့် သုတ၊ ရသစာအုပ် ၁၅၀ တို့ကို ပေးအပ်ရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

၎င်းနောက် စန္ဒားကျေးရွာမှ အလှူရှင်များက စာကြည့်တိုက်ရန်ပုံငွေအတွက် အလှူငွေကျပ် ငါးသိန်းနှင့် ပရိဘောဂများဝယ်ယူရန် ငွေကျပ် တစ်သိန်းသုံးသောင်းကိုလည်းကောင်း၊ ဟုမ္မလင်းမြို့နယ် မြို့လယ်ကျောင်းဆရာတော်က စာအုပ်၊စာစောင် ၅၀ ကိုလည်းကောင်း၊ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသော သုတ၊ ရသ စာအုပ် ၁၀၀ ကို မော်လိုက်ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းကျော်ကလည်းကောင်း၊ သရောင်းစံပြကျေးရွာစာကြည့်တိုက်ကော်မတီက သုတ/ရသ စာအုပ် ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။**(အောက်ပုံ)** (ကြေးမုံ)

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေး

အမရပူရ ဩဂုတ် ၁၈

အမရပူရမြို့နယ် ရဲလွန်းကျော်ကျေးရွာ ဦးဂျမ်းစာကြည့်တိုက်တွင် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်၊ စာစောင်များ တိုးတက်နိုင်စေရန် ဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှက စာအုပ်၊ စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက်ရှင်သန်ရေးတို့ကို ဆွေးနွေးခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက စာအုပ် စာစောင်ရရှိနိုင်ရန်နှင့် အလှူရှင်တိုးပွားရေးတို့ကို ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပြန်လည်ဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီအဖွဲ့ဝင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညွန့်ရီက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၆၃၀)

ပြည်တွင်းပြည်ပအားကစားသတင်းများ

ပြည်တွင်းပြည်ပအားကစားသတင်းများ

ဖလွိုက်မေဝယ်သာ ကြိုးဝိုင်းအတွင်းပြန်ဝင်လာပြီ

လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာသည့် အမေရိကန်သား ဝိတ်တန်းစုံလက်ဝှေ့ကျော် ဖလွိုက်မေဝယ်သာ။ (အပေါ်ပုံ)

လာ့စ်ဗီးဂတ်စ် ဩဂုတ် ၁၈

၁၆ လတာ အနားယူခဲ့ပြီးနောက် လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်လာသည့် အမေရိကန်သား ဝိတ်တန်းစုံလက်ဝှေ့ကျော် ဖလွိုက်မေဝယ်သာသည် တစ်နိုင်ငံတည်းသား ဝယ်လ်တာဝိတ်တန်း ချန်ပီယံဗစ်တာအော်တစ်ဇ်နှင့် စက်တင်ဘာ ၁၇ ရက်တွင် လာ့စ်ဗီးဂတ်စ်မြို့ရှိ အမ်ဂျီအမ်ဂရင်းဟိုတယ်ကြီး၌ ရင်ဆိုင်ထိုးသတ်တော့မည်ဖြစ်ကြောင်း အင်တာနက်အားကစားသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အကောင်းဆုံးထိုးသတ်ကွက်များနှင့် ထူးခြားဆန်းကြယ်သည့် လက်ဝှေ့ပွဲညကို မိမိ၏ ပရိသတ်များအား တင်ဆက်နိုင်ရန် ကြိုးဝိုင်းအတွင်းသို့ ဝင်ရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း မေဝယ်သာက ပြောသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဖလွိုက်မေဝယ်သာသည် ၁၉၉၈ နှင့် ၂၀၀၇ ခုနှစ်တို့တွင် တစ်နှစ်တာအတွက် အကောင်းဆုံးလက်ဝှေ့သမားဆု(Fighter of the Year)ဆုကို ရရှိခဲ့သူဖြစ်ပြီး နံပါတ်တစ်ဝိတ်တန်းစုံ အကောင်းဆုံးလက်ဝှေ့သမားဖြစ်ခဲ့ဖူးသူဖြစ်သည်။ လက်ဝှေ့ပွဲမှတ်တမ်းအရ ၎င်းသည် ၄၁ ပွဲ ထိုးသတ်ခဲ့ရာ ရှုံးပွဲမရှိ ၄၁ ပွဲလုံး အနိုင်ရထားသူဖြစ်သည်။

လက်ဝှေ့ပရိသတ်များ မျှော်လင့်စောင့်စားနေကြသော အမေရိကန်နိုင်ငံသား ပြိုင်ဘက်ကင်း ဖလွိုက်မေဝယ်သာနှင့် ဖိလစ်ပိုင်နိုင်ငံသား ကမ္ဘာ့အကောင်းဆုံးဝိတ်တန်းစုံ လက်ဝှေ့ကျော် မန်နီပက်ကွီယာအိုတို့ မီးကုန်ယမ်းကုန်ယှဉ်ပြိုင်ကြရမည့်ပွဲမှာ လာမည့် နှစ်နှစ်အတွင်း ဖြစ်မလာနိုင်သေးကြောင်း ဖလွိုက်မေဝယ်သာ၏ ဦးလေး ဂျက်ဖ်မေဝယ်သာက ခန့်မှန်းပြောကြားသည်။ **အင်တာနက်**

ဖလွိုက်မေဝယ်သာနှင့် ဗစ်တာအော်တစ်ဇ်။

ဘာစီလိုနာမှ

ဤပွဲသည် ရာသီသစ်အတွက် ပွဲဦးထွက် ဖလားလုပွဲဖြစ်၍ နှစ်သင်းလုံး လူစုံထုတ်သုံးခဲ့သည်။ ထို့ကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သကဲ့သို့ ပွဲကြမ်းတစ်ပွဲလည်းဖြစ်ခဲ့ရသည်။

ယခုပွဲတွင် ဘာစီလိုနာအတွက် ဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် အင်နီယေစတာနှင့် ၄၅ မိနစ်နှင့် ၈၈ မိနစ်တို့တွင် မက်ဆီတို့က သွင်းယူခဲ့သည်။ ရီးယဲလ်မက်ဒရစ်အတွက် ဂိုးများကို မိနစ် ၂၀ တွင် စီရော်နယ်ဒိုနှင့် ၈၂ မိနစ်တို့တွင် ဘန်ဇီမာတို့ကသွင်းယူခဲ့ကြခြင်းဖြစ်သည်။

ဤပွဲတွင် စုစုပေါင်း အဝါကတ်ကိုးကတ်ပြသခြင်းခံခဲ့ရသကဲ့သို့ ဘာစီလိုနာမှ ဒေးဗစ်ဗီလာ အနီကတ် ထိခဲ့ပြီး ရီးယဲလ်မက်ဒရစ်မှ မာဆယ်လိုနှင့် အိုဇေးလ်တို့ အနီကတ်ထိခဲ့သည်။ ***ESPN***

မန်ယူအသင်း၏ ရှယ်ယာအချို့ကို စင်ကာပူတွင် ရောင်းချမည်

မန်ယူအသင်းပိုင်ရှင် မယ်လ်ကွန်ဂလေဇာ။

မန်ချက်စတာ ဩဂုတ် ၁၈

မန်ယူအသင်းကို အလုံးစုံပိုင်ဆိုင်ထားသည့် ဂလေဇာမိသားစုသည် အသင်း၏ ရှယ်ယာ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိကို ရောင်းချတော့မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မန်ယူအသင်းကို ၂၀၀၅ ခုနှစ်က စတင်ပိုင်ဆိုင်ခဲ့သည့် ဂလေဇာမိသားစုသည် ၎င်းတို့အပေါ်တင်ရှိနေသည့် ကြွေးမြီပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ရှယ်ယာအချို့ကို ရောင်းချရန် ပြင်ဆင်လာခြင်းဖြစ်သည်။

အဆိုပါ ရှယ်ယာများကို ရောင်းချရန်အတွက် စင်ကာပူဈေးကွက်ကို ရွေးချယ်ထားကြောင်း သိရသည်။ ဂလေဇာမိသားစုသည် ရှယ်ယာအချို့ကို ရောင်းချမည်ဖြစ်သော်လည်း ရှယ်ယာအများစုကို ဆက်လက်ပိုင်ဆိုင်ထားဦးမည်ဖြစ်၍ မန်ယူအသင်းကို စီမံကွပ်ကဲနိုင်ဦးမည်သာဖြစ်သည်။ **အင်တာနက်။**



ဘရာဇီးအတွက် အနိုင်ဂိုးနှစ်ဂိုးသွင်းပေးခဲ့သည့် ဟင်းနရစ်။

✽ ယူ-၂၀ မှ

တို့တွင် ဟင်းနရစ်သွင်းသည့် ဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြင်သစ်နှင့် ပေါ်တူဂီတို့ပွဲတွင်မူ ပေါ်တူဂီက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုနှင့် ပြင်သစ်တို့၏ တတိယနေရာလုပွဲနှင့် ဘရာဇီးနှင့် ပေါ်တူဂီတို့၏ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။ ***ESPN***

ဟန်သစ်

ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် ကာရိုလိုင်းဝေါ့ဇနက်ကီ ရှုံးပွဲကြုံ ရော်ဂျာဖလားချန်ပီယံ ဆရီနာဝီလျံ ဒဏ်ရာကြောင့် နုတ်ထွက်ရ

ဆင်ဆင်နတီ ဩဂုတ် ၁၈

ဩဂုတ် ၁၃ရက်မှ ၂၁ ရက်အထိ ကျင်းပလျက်ရှိသည့် ဆင်ဆင်နတီ ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ်ကာရိုလိုင်းဝေါ့ဇနက်ကီသည် အမေရိကန်တင်းနစ်မယ် ခရစ္စတီးနားမက်ပေးလ်ကို ၆-၄၊ ၇-၅ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်သွားရပြီဖြစ်သည်။ရော်ဂျာဖလား ပူပူနွေးနွေးချန်ပီယံ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည်လည်း ဒဏ်ရာပေါင်းပြန်ပေါ်လာ၍ ဒုတိယအဆင့်ပြိုင်ပွဲမှပင် နုတ်ထွက်လိုက်ပြီဖြစ်သည်။ **အင်တာနက်။**

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံ

ကမ္ဘာ့အဆင့် (၁) ကာရိုလိုင်းဝေါ့ဇနက်ကီ

ဩဂုတ် ၇ ရက်က ပျော်ဘွယ်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီ မြို့နယ်ဘောလုံးဆပ်ကော်မတီမှ ကြီးမှူးကျင်းပသော မိုးရာသီအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော တောတွင်လုကျေးရွာအုပ်စု ဘောလုံးအသင်းအား ပထမဒိုင်းဆုကို မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး (MGM)ကမွေတီလီမိတက်က ပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လွိုင်ကော်မြို့နယ် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ပြည်နယ်အားကစားခန်းမ(ဒေါဥခူ)၌ ဖွင့်လှစ်သော ၂၀၁၁ ခုနှစ် မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)သင်တန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

နေပြည်တော် ဩဂုတ် ၁၈

၂၀၁၁ခုနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲနေ့ပွဲစဉ်တွင် မြိတ်မြို့နယ်(ခ) အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ထားဝယ်မြို့နယ်(က) အမျိုးသားပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြိတ်မြို့နယ်(ခ)အသင်းက နှစ်ပွဲ၊ တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ အမျိုးသားအသင်း ၁၆ သင်း၊ အမျိုးသမီးအသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ် ကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်ကို နေပြည်တော် အမှတ်(၂)အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာနက သတ္တုတွင်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမအကြိုဗိုလ်လုပွဲ

ဩဂုတ် ၂၂ ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် ဟိုတယ်/ခရီးနှင့် ဆောက်လုပ်ရေး၊ ဩဂုတ် ၂၃ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဘဏ္ဍာ/အခွန်နှင့် လယ်/ဆည်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

မော်လမြိုင်မြို့နယ် ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

မော်လမြိုင်မြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော မြို့နယ်ပညာရေးမှူးဒိုင်း အသက်(၁၃)အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်မြို့ရှိ ရာမညအားကစားကွင်း၌ ကျင်းပရာ ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းအသင်းက အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းအသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်နှင့် တာဝန်ရှိသူများက ပထမဆုရအသင်းနှင့် ဒုတိယဆုရအသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲအတွက် မြင်းများ ပဏာမစိစစ်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲ **(Endurance)** အတွက် မြင်းများပဏာမစိစစ်မှုရွေးချယ်ပြိုင်ပွဲများကို ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ထီးပုရွာရှိ **Mo Riding Club** ၌ ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ မြင်းစီးအားကစား အဖွဲ့ချုပ်တို့၏ ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် အမှုဆောင်များ၊ **Mo Riding Club** မှ ဦးသန့်ဇင်မိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မြင်းစီးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အရည်အချင်းပြည့် မြင်းများ

ပြိုင်ပွဲများတွင် မြင်းစီးအားကစားသမား ခြောက်ဦးသည် မြင်း ၁၂ ကောင်ကို စီးကြပြီး စိန်သစ္စာ၊ စိန်မေအောင်၊ စိန်ဝင်းမောင်၊ စိန်နှင်းဆီ၊ စိန်ဘရဏီ၊ စိန်မြတ်မြတ်၊ စိန်ရတီ၊ စိန်ရွှေမိုးနှင့် စိန်ဆင့်မောင်မြင်းများကို အရည်အချင်းပြည့်မီသော မြင်းများအဖြစ် စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဖခင်အမည်မှန်

ပြည်မြို့ အထက(၅)၊ ဒသမတန်း (E)မှမောင်ထွန်းအောင်လွင်၏ ဖခင်အမည်မှန်မှာ ဦးကံလှ[၈/နမန(နိုင်)၁၀၅၆၀၁]ဖြစ်ပါသည်။

ဖခင်အမည်မှန်

ပြည်မြို့ အထက(၅)၊ ဒသမတန်း (F) မှ မောင်ဝေဖြိုးအောင်၏ဖခင်အမည်မှန်မှာ ဦးမျိုးလွင်[၇/ပမန(နိုင်)၀၂၂၅၁၄]ဖြစ်ပါသည်။

ဟိုတယ်စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

မလေးရှားနိုင်ငံအစိုးရ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သစ်အရ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို စိတ်ပါဝင်စားသူများအတွက် အလုပ်အကိုင်အခြေပြု သင်ကြားနည်းစနစ်သစ်ဖြင့် သင်ကြားပို့ချပေးမည့် ဟိုတယ်ဒီပလိုမာသင်တန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပြီး သင်တန်းအစီအစဉ် အသေးစိတ်ကို www.mycenthe.org.my တွင်လည်း ကြည့်ရှုလေ့လာနိုင်သည်။ သင်တန်းကာလမှာ နှစ်နှစ်နှင့် ခြောက်လဖြစ်ပြီး သင်တန်းတက်နေစဉ်မှာပင် UCSI ၏ ဟိုတယ်ကြီးငါးခုတွင် လက်တွေ့ကွင်းဆင်းလေ့လာလုပ်ကိုင်ရမည်ဖြစ်သည်။ သင်တန်းကာလအတွင်း လက်တွေ့ ကွင်းဆင်းမှုအတွက် ဟိုတယ်မှ ခံစားခွင့်ရရှိမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်နှင့်အတူ အလုပ်အကိုင်ကိုပါ တစ်ပါတည်း ရရှိနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ အဆိုပါ ဒီပလိုမာသင်တန်းပြီးဆုံးပြီး သက်ဆိုင်ရာဘွဲ့ဒီဂရီများ ရယူလိုပါကလည်း ဆက်လက်သင်ကြားနိုင်မည် ဖြစ်သည်။

အဆိုပါသင်တန်းကို တက်ရောက်လိုပါက စက်တင်ဘာ ၂၅ ရက်နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက FRZ. APC Education Consultancy Ltd. ဖုန်း-၀၉-၄၃၀၇၄၂၀၂၊ ၀၁-၇၂၃၉၈၂၊ ၀၁-၅၅၄၄၇၅၊ ၀၁-၅၄၉၉၂၉၊ ၀၁-၃၈၃၈၁၅၊ အမှတ်(၆၇) (D1) နတ်မောက်လမ်းသွယ်(၁) ဖိုးစိန်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စုံစမ်းမေးမြန်းနိုင်သည်။ (ကြေးမုံ)

မိုးနဲမြို့နယ် သာယာလှပရေး ဆောင်ရွက်

မိုးနဲ ဩဂုတ် ၁၈

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မိုးနဲမြို့ မြို့လယ်လမ်းဆုံတြိဂံတွင် အဖွဲ့ဝန်ထမ်းများမှ ပန်းအလှပင်များ ဖြည့်တင်းစိုက်ပျိုးဆောင်ရွက်နေမှုကို ဩဂုတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

အမည်ပြောင်း

ရန်ကုန်ပညာရေးတက္ကသိုလ် အထက်တန်းကျောင်း Grade VI -I မှ အမ ဦးထွန်းသန်း၏သား မောင်ရန်မျိုးနိုင်အား မောင်သန့်သုတကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်သုတကို

MATLAB Programming

ရွှေကုံကျော် ဝမ္မရုပ်ခံ

မင်းနှင့်ပြည်သူ ပါရမီ

ရွှေ ပညာသင်တန်း

40%

PH: 09-515 8813,09-73038198

...လွမ်း... တက္ကသိုလ်ဘုန်းနိုင်

မိုးရာသီ

ဟောင်းတွန်းလွင်

21 AD
BILLBOARD ADVERTISING
AVAILABLE AT YANGON & MONYWA
" CONTACT US "
01 252 393 09 730 43672
09 732 00201 09 732 00189

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး

Powered by Nature, Proven by Science

From Experience-Based Traditional Medicine To Evidence-Based Traditional Medicine

နိုင်ငံတော်အစိုးရအနေနှင့် သဘောထားကြီးစွာဖြင့် ကချင်အထူးဒေသ(၂) ခေါင်းဆောင်များနှင့် ထာဝရငြိမ်းချမ်းရေး ဆွေးနွေးတည်ဆောက်နိုင်ရန် လီဆူတိုင်းရင်းသားများ လိုလား

နေပြည်တော် ဩဂုတ် ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၅ ရက် ရက်စွဲဖြင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးကိစ္စ ခေါင်းစဉ်ပါ တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါတင်ပြစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကချင်မျိုးနွယ်စု လီဆူတိုင်းရင်းသားများ၏ ဆန္ဒသဘောထားအား တင်ပြအပ်ပါသည်။

၂။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ထာဝရငြိမ်းချမ်းမှုရရှိစေရန် အစဉ်ကြိုးပမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးနှင့် ယာယီငြိမ်းချမ်းရေးရယူခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ ကချင်အထူးဒေသ(၂) ခေါင်းဆောင်များနှင့်လည်း ၁၉၉၄ ခုနှစ်တွင် ငြိမ်းချမ်းရေး ယာယီရယူပြီး ကချင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ရာ ကချင်ပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့ပါသည်။ ကချင်ပြည်နယ်သူ/သားများသည်လည်း ဖွံ့ဖြိုးတိုးတက်နေပြီး အေးချမ်းစွာနေရသောဘဝတွင် အလွန်ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

၃။ သို့သော် ယခုအခါ ငြိမ်းချမ်းရေးမငြိမ်မသက်ဖြစ်လာရကာ ပြည်နယ်အတွင်း သွားလာရေးမှာလည်း အေးချမ်းမှုမရှိ ဖြစ်လာသည်သာမက ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ရပ်တန့်ရမည့်အနေအထား ရောက်ပါသဖြင့် အခြားသောဒေသများနောက်သို့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်သွားပါသည်။ ဤအဖြစ်အား ပြည်နယ်သူ/သားများ မလိုလားပါ၊ ဖွံ့ဖြိုးတိုးတက်မှု ငြိမ်းချမ်းရေးကိုသာ လိုလားပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနှင့် သဘောထားကြီးစွာဖြင့် ကချင်အထူးဒေသ(၂) ခေါင်းဆောင်များနှင့် ထာဝရငြိမ်းချမ်းရေး ဆွေးနွေးတည်ဆောက်နိုင်ရန် လီဆူတိုင်းရင်းသားများ လိုလားပါသည်။ ဤကဲ့သို့ ထာဝရငြိမ်းချမ်းရေးရရန် နိုင်ငံတော်အစိုးရအနေနှင့် ကချင်အထူးဒေသ(၂) ခေါင်းဆောင်များ သဘောတူညီမှုရရှိရန် အစဉ်အမြဲ ဆုတောင်းမေတ္တာပို့လျက်ရှိပါကြောင်း လီဆူတိုင်းရင်းသားများ၏ သဘောထားအား တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ	ဒုတိယဥက္ကဋ္ဌ	အတွင်းရေးမှူး
မြန်မာနိုင်ငံလီဆူစာပေနှင့်	မြန်မာနိုင်ငံလီဆူစာပေနှင့်	မြန်မာနိုင်ငံလီဆူစာပေနှင့်
ယဉ်ကျေးမှုဗဟိုကော်မတီ	ယဉ်ကျေးမှုဗဟိုကော်မတီ	ယဉ်ကျေးမှုဗဟိုကော်မတီ

(သတင်းစဉ်)

တပ်မတော်(ရေ) စစ်ရေယာဉ်က ရှာဖွေကယ်ဆယ်ခဲ့သည့် သီရိလင်္ကာနိုင်ငံ စက်ပျက်ငါးဖမ်းရေယာဉ်မှ ရေလုပ်သားခြောက်ဦးအား သံတွဲမြို့ သပြုချိုင်ဆိပ်ကမ်း၌ နယ်မြေခံရေတပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများက တွေ့ဆုံအားပေးကြစဉ်။ (သတင်းစဉ်)

တပ်မတော်(ရေ)မှ စစ်ရေယာဉ်တစ်စင်းက သီရိလင်္ကာ စက်ပျက်ငါးဖမ်းရေယာဉ်တစ်စင်းအား ရှာဖွေကယ်ဆယ်ခဲ့

နေပြည်တော် ဩဂုတ် ၁၈

သီရိလင်္ကာနိုင်ငံမှ PIYUMI DUWA အမည်ရှိ ငါးဖမ်းရေယာဉ် တစ်စင်းသည် ရေလုပ်သားခြောက်ဦးနှင့်အတူ ဇူလိုင် ၁၈ ရက်တွင် BERUWELA မြို့ ဆိပ်ကမ်းမှ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်လာစဉ် ဩဂုတ် ၃ ရက်မှ စတင်၍ အဆက်အသွယ်ပြတ်တောက် ပျောက်ဆုံးနေခဲ့ကြောင်း **စာမျက်နှာ ၅ ကော်လံ ၁ သို့**☆

မြန်မာနိုင်ငံတွင် မရှိသေးသော ခြင်္သေ့မျိုး နှုံးသမင်နှင့် ညာလာသမင်များအပါအဝင် ဆာဖာရီဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်များတွင် မွေးမြူပြသရန် မှာယူထားသော တိရစ္ဆာန်များရောက်ရှိ၊ အများပြည်သူသို့ မကြာမီ ပြသမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ➢ ရန်ကြီးအောင်

မြန်မာနိုင်ငံတွင် တိရစ္ဆာန်များကို ထိန်းသိမ်းမွေးမြူပြသလျက်ရှိသော တိရစ္ဆာန်ဥယျာဉ်သုံးခုရှိသည်။ နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှင့် မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တို့ ဖြစ်သည်။ ထို့အပြင် တိရစ္ဆာန်များကို သဘာဝအတိုင်း ကျင်လည်ကျက်စားနေထိုင်နိုင်ရန် ဖန်တီးတည်ဆောက်ပေးထားသည့် ဆာဖာရီဥယျာဉ်ကြီးမှာလည်း နေပြည်တော်တွင်ရှိသည်။ ယင်းဥယျာဉ်များကို သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်ရှိ တိရစ္ဆာန်ဥယျာဉ်များဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါဆာဖာရီဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်များတွင် မွေးမြူပြသနိုင်ရန်အတွက် တောင်အာဖရိကနိုင်ငံမှ မှာယူထားသော တိရစ္ဆာန်များ မကြာမီက ရောက်ရှိလာကြောင်း သတင်းစကား ကြားသိရသည်။ သို့ဖြစ်ရာ တိရစ္ဆာန်များရောက်ရှိမှုအခြေအနေကို သိရှိနိုင်ရန် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်၍ မေးမြန်းလေ့လာခဲ့သည်။

အဆိုပါတိရစ္ဆာန်ဥယျာဉ်ရှိ ဧည့်ခန်းမ၌ တိရစ္ဆာန်ဥယျာဉ်များဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနှင့်အဖွဲ့ကို အခန့်သင့်တွေ့ဆုံခွင့်ရရှိခဲ့သည်။ ၎င်းတို့နှင့်အတူ နိုင်ငံခြားသားတစ်ဦးကိုလည်း တွေ့ရှိရသည်။ တောင်အာဖရိကနိုင်ငံမှ တိရစ္ဆာန်တင်သွင်းသူ Mr. Mike Bester ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအဖွဲ့နှင့် စကားလက်ဆုံကျရင်း တိရစ္ဆာန်ဥယျာဉ်များတွင် တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြသနေမှု၊ မကြာမီက တိရစ္ဆာန်များထပ်မံရောက်ရှိလာမှု အခြေအနေများကို ဆွေးနွေးမေးမြန်းကြည့်ရာ ညွှန်ကြားရေးမှူး ဦးဇော်မင်းက "တိရစ္ဆာန်တွေကို ဘိုးရင်းကုန်တင်လေယာဉ်ကြီးနဲ့ တင်ဆောင်ပြီး တောင်အာဖရိကနိုင်ငံကနေ တိုက်ရိုက်ပျံသန်းလာတာပါ။ နေပြည်တော်ကို ယခုလ ၉ ရက်နေ့ နံနက် ၈ နာရီကျော်လောက်က ဆိုက်ရောက်ပါတယ်။ ရောက်ရောက်ချင်းပဲ **စာမျက်နှာ ၅ ကော်လံ ၁ သို့**❖

အားကစား

ဘာစီလိုနာအသင်း စပိန်စူပါဖလား နှစ်နှစ်ဆက်တိုက်ဆွတ်ခူး

ဘာစီလိုနာ ဩဂုတ် ၁၈

စပိန်စူပါဖလား ဒုတိယအကျော့ပွဲစဉ်အဖြစ် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့ ကြာသပတေးနေ့နံနက်ပိုင်းက နူးကမ့်၌ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ပထမအကျော့ကို ဘာနေဗျူးကွင်းတွင် ကစားခဲ့စဉ်က နှစ်ဂိုးစီ သရေကျထား၍ နှစ်ကျော့ပေါင်း ငါးဂိုး-လေးဂိုးဖြင့် ဘာစီလိုနာက အနိုင်ရပြီး စပိန်စူပါဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့❒

စပိန်စူပါဖလားကို ကိုင်မြှောက်၍ အောင်ပွဲခံနေသည့် ဘာစီလိုနာအသင်းသားများ။

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဘရာဇီးနှင့်ပေါ်တူဂီတို့ ဗိုလ်လုပွဲတက်

ဘိုဂိုဒါး ဩဂုတ် ၁၈

ကိုလံဘီယာနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ဘရာဇီးနှင့် ပေါ်တူဂီတို့ နိုင်ပွဲအသီးသီး ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သည်။

ဘရာဇီးနှင့် မက္ကဆီကိုတို့ပွဲတွင် ဘရာဇီးက မိနစ် ၈၀ နှင့် ၈၄ မိနစ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**✻